mgyoe.com
SAMPLE BOOK



# မန္တလေးရဲ့ ဝိညာဉ်

လူထုစိန်ဝင်း



mgy

mgyoe.com SAMPLE BOOK

နှစ်ကာလများ
တအုပ်အစီအစဉ်
၅၂

မန္တလေးနဲ့ ကင်းဝေးနေကြတဲ့
မန္တလေးသူ၊ မန္တလေးသားမှန်သမျှ
ကြီးငယ်မရွေး မန္တလေးကို မလွမ်းဘဲမနေနိုင်တဲ့
အချိန်နစ်ချိန်ရှိပါတယ်။
လွမ်းမယ်ဆိုလည်း တကယ်လွမ်းလောက်တာပါ။
မန္တလေးသင်္ကြန်ဆိုတာက
ရန်ကုန်သင်္ကြန်နဲ့ လုံးဝမတူခြားနားတာပါ။
သင်္ကြန်အလှပြယာဉ်တွေဆို
နန်းမြင့်မျှော်စင်တွေ၊ ဗဟိုရ်စည်စင်တွေကို
ကနုတ်ပန်းချီတွေနဲ့ အကုန်အကျခံပြီးလုပ်ကြတာ။
တန်ဆောင်မုန်းလပြည့်အဖိတ်နေ့ညဆို
မန္တလေးဈေးချိုတော်ကြီး ၁၂ ရုံစလုံးက
အပျိုချောတွေအားလုံး
စစ်ကိုင်းတောင်ရိုးကို ရောက်နေကြတယ်လို့
ပြောရင်တောင် ရပါတယ်။
လွတ်လပ်ရေးရပြီးနောက်ပိုင်းခေတ်အတော်ကြာကြာအထိ
မြန်မာစကားနဲ့မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများကို
ထိန်းသိမ်းစောင့်ရှောက်ထားတဲ့
နောက်ဆုံးခံတပ်ကြီးအဖြစ် တည်ရှိနေခဲ့တာဖြစ်ပါတယ်။
မန္တလေးသားမှန်သမျှ ဒီအချက်တွေကိုဂုဏ်ယူခဲ့ကြတာပါ။
တန်ဆောင်တိုင် ကထိန်လာ
မန္တလေးမှာ ပွဲရှာလို့မတွေ့ခဲ့ရပါဘူး။
ဒဂုန်မြိုင်ရဲ့ မန္တလေး၊ လေးဘဝတီရဲ့ မန္တလေး၊ လူကလေးစိန်နဲ့
ရွှေမန်းမိုးမိုးဖိုးရဲ့ မန္တလေး၊ သဘင်ကတ္တသိုလ်ဆိုတဲ့မန္တလေးမှာ
ဒီလိုမီးရှို့တန်ဆောင်တိုင် ကထိန်ရာသီညမှာ
အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲတစ်ပွဲမှာ
ရှာမတွေ့ခဲ့ရဘူးတဲ့လေ။
မန္တလေးရဲ့ ဝိညာဉ်ပျောက်ဆုံးသွားသလို
ရင်ထဲမှာခံစားလိုက်ရပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

တန်ဖိုး–၂၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ်

# မန္တလေးရဲ့ဝိညာဉ်

## လူထုစိန်ဝင်း

နှစ်ကာလများ
အမှတ်-၁၀၄၊ အပေါ်ဆုံးထပ်(က)
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၂၅၄၈၄၈ ၀၄၈
theeras2001@gmail.com

mgyoe.com

mgyoe.com. SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

လူထုစိန်ဝင်း
မန္တလေးရဲ့ဝိညာဉ်
ပထမအကြိမ်၊ ဒီဇင်ဘာ၊ ၂၀၁၀
တန်ဖိုး–၂၀၀၀ ကျပ်

အုပ်ရေ
၅၀၀
ဖြန့်ချိရေး
နှစ်ကာလများစာပေ
၁၀၄–အပေါ်ဆုံးထပ်၊ အောင်ဇေယျလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့။
e-mail: theeras2001@gmail.com

ထုတ်ဝေသူ– ဒေါ်သင်းသင်းမွန်(သင်းစာပေ) အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ (၁၂) ရပ်ကွက်၊ ကမာရွက်မြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့် အဖုံးပုံနှိပ်– ဦးဇော်မြင့်ဝင်း၊ ကာလာဖုံပုံနှိပ်တိုက်၊ ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ စာမူခွင့်ပြုချက်အမှတ်–၄၀၀၉၆၄၀၉၁၀။ မျက်နှာဖုံးခွင့်ပြုချက်အမှတ်–၄၀၁၀၂၄၁၀၁၀။

ကွန်ပျူတာစာစီ– NICE ကွန်ပျူတာ၊ သစ်တောလမ်း၊ အလုံ။

မျက်နှာဖုံးဒီဇိုင်း–သည်မော်နိုင်။ အတွင်းဖလင်– ပုံရိပ်ရှင်။ စာအုပ်ချုပ်– ကိုမြင့်။

၈၀၈.၈၄

စိန်ဝင်း၊ လူထု

မန္တလေးရဲ့ဝိညာဉ်/ လူထုစိန်ဝင်း။ –ရန်ကုန်

သင်းစာပေ၊ ၂၀၁၀။

၁၇၀–စာ၊ ၁၃.၅ x ၂၁ စင်တီ။

(၁) မန္တလေးရဲ့ဝိညာဉ်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | လူထုစိန်အင်း အင်တာဗျူး | ၉ |
| ၂။ | မန္တလေးရဲ့ ဝိညာဉ် (၁) | ၁၇ |
| ၃။ | မန္တလေးရဲ့ ဝိညာဉ် (၂) | ၂၃ |
| ၄။ | မန္တလေးရဲ့ ဝိညာဉ် (၃) | ၂၉ |
| ၅။ | မန္တလေးရဲ့ ဝိညာဉ် (၄) | ၃၅ |
| ၆။ | မစုဘဲ မတုနိုင် မတုဘဲ မပြုနိုင် | ၄၁ |
| ၇။ | စာကောင်းပေကောင်းတွေ ထွက်မလာရတဲ့အကြောင်း | ၄၇ |
| ၈။ | ဆင်ဖြူတော်မှီ ကြံစုပ်တဲ့စာတွေ | ၅၅ |
| ၉။ | စာပေစံနှစ်ခုနဲ့ သီးခြားလက္ခဏာ သဘောဆောင်မှု | ၆၁ |
| ၁၀။ | ငါ့ခေါင်းရင်းမှာ . . . | ၆၇ |
| ၁၁။ | ကဗျာမရေးတတ်သူရဲ့ ကဗျာခံစားမှု၊ ကဗျာအမြင် | ၇၁ |
| ၁၂။ | ခေါင်းမအိုအောင် ဘယ်လိုလုပ်ရမလဲ | ၈၃ |
| ၁၃။ | စားမြုံ့ပြန်အရသာနဲ့ ဆရာကန်တော့ပွဲ ယဉ်ကျေးမှု | ၈၇ |
| ၁၄။ | ဆရာကြီးကို ရိုပ်သာမပို့ပါနဲ့ တဲ့ | ၉၃ |
| ၁၅။ | လူထုဒေါ်အမာ | ၉၇ |
| ၁၆။ | အားနွဲ့သူ မိန်းမသားအယူအဆ စွန့်လိုက်ကြတော့ | ၁၀၃ |
| ၁၇။ | မှန်သုံးမှန်နဲ့ စာနယ်ဇင်းသမား | ၁၁၁ |
| ၁၈။ | ကိုယ့်အိမ်ထက်ကောင်းတဲ့နေရာ ရှိလို့လား | ၁၂၅ |
| ၁၉။ | သိမ်မွေ့တာက မြန်မာ့ယဉ်ကျေးမှု | ၁၃၁ |
| ၂၀။ | အရှက်နဲ့ သိက္ခာ | ၁၃၅ |
| ၂၁။ | ကလေးတွေကို ကြင်နာပါ | ၁၄၃ |
| ၂၂။ | တောင်ကြီးက သွားဖို့မလို တောင်ကြီးရှိရာကိုလာလိမ့်မယ် | ၁၄၇ |
| ၂၃။ | စိန်နားကပ်ရောင်နဲ့ ပါးမပြောင်စေချင် | ၁၅၃ |
| ၂၄။ | ကိုယ့်အိမ်ကိုယ့်ယာသာ အကောင်းဆုံး | ၁၅၉ |
| ၂၅။ | ငယ်ငယ်က ပုဂ္ဂလိကကျောင်း | ၁၆၇ |


mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများစာပေမှ ထုတ်ဝေပြီး ဆရာလူထုစိန်ဝင်းရဲ့ စာအုပ်များ

၁။ ဆင်းရဲ့ခြင်းထောင်ချောက် အက်ဆေးများ

၂။ လူငယ်တွေ ရင်ဖွင့်ပါစေလား

၃။ နန်းစကား မန်းစကား မြန်မာတို့ရဲ့ မြန်မာစကား

၄။ ဒီခေတ်မျိုးဆက်ရဲ့ ပန်းတိုင်

၅။ မေမေတို့ရဲ့ စစ်ပွဲများ အက်ဆေးများ

ယခု

၆။ မန္တလေးရဲ့ဝိညာဉ်

ဆက်လက်၍

၇။ ငြင်းခုန်ကြပါစေ၊ ပန်းတိုင်းပွင့်ပါစေ

mgyoe.com

mgyoe.com SAMPLE BOOK

## လူထုစိန်ဝင်း အင်တာဗျူး

**ရသစာပေနဲ့ပတ်သက်လို့ပါဆရာ။ အခုတလောမှာ ရသစာပေ အားနည်းလာပြီတို့ ..ရသစာပေကျဆုံးတော့မှာလားတို့ဆိုတဲ့ အသံတွေကြားနေရပါတယ် ဆရာ။ အဲဒီ့အပေါ်မှာ ဆရာ့အမြင်သိပါရစေ ဆရာ။**

ရသစာပေ လတ်တလောကာလမှာ အားနည်းနေတယ်ဆိုတာတော့ မှန်ပါတယ်။ ဒါကိုဆရာလည်း အကြိမ်ကြိမ်ရေးခဲ့ဖူးပါတယ်။ တလော က လေးပဲ ဆရာရေးလိုက်သေးတယ်။ ဒီ. .ရသစာပေသရောကြီးခိုင်းတော့မှာလား..ဆိုပြီးတော့။ ဒါ . .ရေးခဲ့တယ်။ တကယ်တော့ ဒါ..ခေတ္တအားနည်းနေတာပဲ။ ရသစာပေဆိတ်သုဉ်းသွားမယ်။ ပျောက်ကွယ်သွားမယ်ဆိုတာကတော့ လုံးဝမဖြစ်နိုင်ဘူး။ ဖြစ်လည်း မဖြစ်သင့်ဘူး။ ရသစာပေ မရှိရင် လူတွေဟာ ရိုင်းသထက်ရိုင်းကုန်မှာပေါ့။ အခုဆို ရသစာပေအားနည်းလာတဲ့အတွက် လူတွေဟာ ဘယ်လောက်ရိုင်းစိုင်းလာကြလဲ .. စိတ်ဓာတ်တွေဟာ အတော်လေးရိုင်းကုန်ကြတယ်။ တစ်ယောက်နဲ့တစ်ယောက်ကြင်နာရမှန်း၊ မေတ္တာထားရမှန်း စေတနာထားရမှန်း မသိကြတော့ဘူး။ မြန်မာလူမျိုးတွေရဲ့ အင်မတန်ကမ္ဘာကျော်တဲ့ ဗြဟ္မစိုရ်တရားလေးပါး စိတ်ဓာတ်ဟာ တော်တော်လေး ခန်းခြောက်လာပြီ။ ဒါကြောင့် ရသစာပေ အားနည်းနေတာကို ပိုပြီးတော့ အားကောင်းလာအောင် အတတ်နိုင်ဆုံးကြိုးစားဖို့ လိုအပ်တယ်။

***ဟိုတုန်းကဆိုရင် ရသစာပေဂန္ထဝင်ကြီးတွေ ထွက်ခဲ့ကြပါတယ်ဆရာ။ ဓမ္မဝိလာသတို့ ခရုအိမ်တို့ တစ္ဆေတို့ မြန်မာပြည်မြောက်ပိုင်း၊ ကောလိပ်ကျောင်းသား၊ အရေးကြီးပြီ သွေးစည်းကြစို့ ...စသည်ဖြင့်ပေါ့ဆရာ။ ဒီလိုအားကောင်းမောင်းသန်ရှိခဲ့ဖူးကြပါရဲ့နဲ့ အခုမှေးမှိန်လာတယ်***

mgyoe.com

mgyoe.com SAMPLE BOOK


*ဆိုတဲ့ အကြောင်းက ဘာကြောင့်များဖြစ်မလဲ ဆရာ။*

အကြောင်းကတော့ အများကြီးရှိတာပေါ့။ တစ်အချက်က လတ်တလော အချိန်မှာ အင်တာနက်ခေတ်ဆိုတော့ အင်တာနက်တွေခေတ်စားလာတဲ့အတွက် ... စာဖတ်တဲ့ဦးရေနည်းလာတယ်လို့လည်း တချို့ကပြောကြ၊ နောက်အကြောင်း ပြချက်တစ်ခုကတော့ လူတွေ စာအုပ်ဝယ်ဖတ်နိုင်တဲ့ အခြေအနေနည်းပါး သွားတယ်။ စာအုပ်တွေကလည်း ဈေးကြီးလာတယ်။ ဒါကြောင့် ရသစာပေ ဈေးကွက်ကျလာတယ်လို့ ပြောကြတယ်။ ဒါလည်းအကြောင်းပြချက်တစ်ခုအနေ နဲ့ပဲ မှန်ပါတယ်။ ဒါပေမယ့် ဒါဟာ လုံးဝ ပြီးပြည့်စုံတဲ့ အဖြေတော့မဟုတ်သေး ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကြည့်လိုက်တဲ့အခါမှာ အခုလောလော ဆယ်မှာပေါ့။ စာအုပ်အရောင်းကျတယ်၊ ဂျာနယ်တွေလည်းကျဆင်းတယ်။ သို့သော်လည်းပဲ ရှေးဆရာကြီးတွေဖြစ်တဲ့ ဆရာကြီးရွှေဥဒေါင်းတို့ ဆရာကြီး ဒဂုန်ရွှေမျှားတို့ စတဲ့စာအုပ်တွေက လစဉ်ထွက်နေတာပဲ။ ဖတ်တဲ့လူရှိလို့ လစဉ် ထွက်နေတာပေါ့။ နောက်တစ်ခါကျွန်တော်တို့ အဲဒီရှေးစာအုပ်တွေပဲ တန်ဖိုး ခုနစ်ထောင်၊ ရှစ်ထောင်၊ တစ်သောင်းကျော်အထိရှိတဲ့ စာအုပ်တွေရှိတယ်။ အဲဒီ စာအုပ်တွေထွက်လာတော့လည်း ပြိုက်ကနဲကုန်သွားတာပါပဲ။ အဲဒီတော့ ရသစာပေကျဆင်းလာတယ်ဆိုတဲ့ဟာမှာ ဒီအကြောင်းကိုလည်း ထည့်စဉ်းစားဖို့ ကောင်းတယ်။ ကျွန်တော်မြင်တာကတော့ စာကောင်းပေကောင်းဆိုရင် လူတွေ ဖတ်ပါတယ်။ နောက်တစ်ခုက ဒီဘက်ခေတ်မြန်မာစာဖတ်ပရိသတ်က အင်မတန် စာဖတ်ရည်ဝတယ်နော်။ နှစ်ပေါင်းများစွာအတွေ့အကြုံတွေက များလာပြီ။ ဒီတော့ စာဖတ်ရည်သိပ်ဝတယ်။ စာကောင်းပေကောင်းကိုသိတယ်။ စာရေးဆရာ ကောင်းလားမကောင်းလားလည်း သူတို့ကောင်းကောင်းသိတယ်။ အင်္ဂလိပ် စကားမှာ စကားတစ်လုံးရှိတယ်။ Read between the lines ဆိုတာပေါ့နော်။ စာတစ်ပုဒ်ကို ဖတ်တဲ့နေရာမှာ စာကြောင်းတွေရဲ့ နောက်ကွယ်က အဓိပ္ပာယ်တွေ ကို သိအောင် ဖတ်တယ်ဆိုတဲ့စကားပေါ့။ မြန်မာတွေက စာကြောင်းတွေရဲ့ နောက်ကွယ်က အဓိပ္ပာယ်တွေကို ဖတ်ရုံတွင်မကဘူး။ စာလုံးတစ်လုံးချင်းတစ်လုံး ချင်းရဲ့ အဓိပ္ပာယ်တွေပါ သိအောင်ဖတ်တတ်တယ်။ Read between the words ပေါ့။ စကားလုံးတစ်လုံးစီက စာရေးဆရာ ဒါ ဘာရည်ရွယ်ချက်နဲ့ ရေးလိုက်တာလဲ။ အဲဒီနောက်ကွယ်မှာ ဘာအဓိပ္ပာယ်ရှိတယ်ဆိုတာကို စာဖတ်ရည်ဝတယ်။ ဒါကြောင့် စာကောင်းပေကောင်းဆိုရင် စာဖတ်ပရိသတ်က

mgyoe.com

mgyoe.com
SAMPLE BOOK


ဖတ်ပါတယ်။ အဲတော့ ဒီလိုစာကောင်းပေကောင်းတွေ မထွက်တာဟာ ဘယ်မှာ တာဝန်ရှိသလဲဆိုတော့ ပြောမယ်ဆိုရင် ကျွန်တော့်အမြင်ကတော့ မဂ္ဂဇင်းအယ်ဒီတာတွေမှာ အဓိက တာဝန်ရှိတယ်လို့ယူဆတယ်။ ဒီလိုစာကောင်းပေကောင်းရေးနေသူတွေ မရှိဘူးမဟုတ်ဘူး။ ရှိပါတယ်။ မဂ္ဂဇင်းအယ်ဒီတာတွေ အတော်များများက စာကောင်းပေကောင်းတွေကို ဖော်ထုတ်ရကောင်းမှန်း မသိကြဘူး။ အိုင်တီနောက်လိုက်ပြီး ရေးကြ။ တစ်ခါဒီနေ့နိုင်ငံတကာသတင်းဆို နိုင်ငံတကာသတင်းနောက်လိုက်ပြီးရေးကြ။ ဟာ..ဒီနေ့ဟိုအကြောင်းအရာခေတ်စားလာ ခေတ်စားတဲ့နောက်ကို ပေါ်ပင်လိုက်နေကြတာ။ စာကောင်းပေကောင်းတွေကို ဖော်ထုတ်ရ ကောင်းမှန်း မသိကြဘူး။ ရေးတုန်းက စာပေထွန်းကားခဲ့တဲ့ ခေတ်တွေကို ပြန်ကြည့်မယ်ဆိုရင် ရှုမဝမဂ္ဂဇင်းမှာ အယ်ဒီတာကောင်းတွေရှိတယ်။

ရှုမဝဦးကျော်တို့ ဆရာတင့်တယ်တို့၊ ဆရာသန်းဆွေတို့လို၊ ဆရာရွှေဥဒေါင်းတို့လို အယ်ဒီတာမျိုးတွေ ဘယ်မှာရှိတော့လို့လဲ။ ဆရာတင့်တယ်တို့၊ ဆရာသန်းဆွေတို့တန်းကို မမီသေးဘူး။ အဲဒီအချိန်က ရှုမဝခေတ်မှာ ဒီနေ့ထင်ရှားတဲ့ ကျွန်တော်တို့ဆရာတွေဖြစ်ခဲ့ကြတဲ့ ဗန်းမော် တင်အောင်တို့၊ မြသန်းတင့်တို့၊ ဒဂုန်တာရာတို့၊ လင်းယုန်နီတို့ စသည်အားဖြင့်ပေါ့လေ။ ဒီလိုရသစာပေမှာ အရေးတော်တဲ့စာရေးဆရာတွေ ထွန်းကားလာကြတယ်။

နောက်တစ်ခေတ်မှာလည်း မင်းကျော်တို့၊ ကျော်အောင်တို့၊ နတ်နွယ်တို့ ထွန်းကားခဲ့ကြတယ်။ အဲဒီနောက်မှာလည်း ငြိမ်းကျော်တို့တစ်ခေတ်၊ ခုဒီဘက်ခေတ်မှာ အဲဒီလိုစာကောင်းပေကောင်းနဲ့စာရေးဆရာကောင်းတွေတစ်ပုံတခေါင်းကြီး ထွက်လာကြတယ်။ အဲဒီလို စာရေးဆရာတစ်ယောက်မှ မရှိတော့ဘူး။ အဲဒီ ရှုမဝမဂ္ဂဇင်းခေတ်မှာ။ နောက်တစ်ခါ ဒီဘက်ခေတ်ပြော မယ်ဆိုရင် မဟေသီခေတ် ဦးခင်မောင်မြင့်က အယ်ဒီတာကောင်း တစ်ယောက်ဖြစ်တယ်။ အယ်ဒီတာကောင်းဖြစ်တဲ့အတွက် စာကောင်းပေကောင်းတွေ ရွေးထုတ်တတ်တယ်။ အဲဒီတော့ အဲဒီမဟေသီမဂ္ဂဇင်းခေတ်က မဖတ်မဖြစ်ကို ဖတ်ရတဲ့မဂ္ဂဇင်းအဖြစ်နဲ့ကို လူတွေက သဘောထားကြတယ်။ စောင်ရေအားဖြင့်လည်း ရောင်းအားအကောင်းဆုံးမဂ္ဂဇင်းဖြစ်ခဲ့တယ်။ ခုလောလောဆယ်ဆိုရင် ဥပမာဆိုပါတော့ ရွှေအမြုတေ ကိုဝင်းငြိမ်းက အယ်ဒီတာကောင်းတစ်ယောက်ပဲ။ ကိုဝင်းငြိမ်းရဲ့ မဂ္ဂဇင်းမှာပဲ ကျွန်တော်တို့က ဝတ္ထုတို၊ ဝတ္ထုရှည်၊ အခန်းဆက်ဝတ္ထုရှည်၊ ဘာသာပြန်ဝတ္ထုဆိုတာတွေကို လစဉ်ဖတ်နေရတယ်။ ကျန်တဲ့မဂ္ဂဇင်းတွေအများစုကတော့

mgyoe.com

mgyoe.com SAMPLE BOOK



ပေါ်ပင်ပဲ လိုက်နေကြတယ်။ အယ်ဒီတာတွေက ခု …ကျွန်တော်ကြည့်နေတယ်။ စာရေးတဲ့သူက အက်ဆေးဆိုခေါင်းစဉ်တပ်ပေးလိုက်ရင် အယ်ဒီတာက အက်ဆေး နေရာထည့်လိုက်တာပဲ။ အမှန်က အဲဒါအက်ဆေး မဟုတ်ဘူး။ စာရေးတဲ့ဆရာက ဝတ္ထုရှည်လို့ တပ်လိုက်ရင် ဝတ္ထုရှည်ထည့်လိုက်တာပဲ။ အမှန်ကအဲဒါဝတ္ထုရှည် မဟုတ်ဘူး။ ဝတ္ထုတိုကို စာမျက်နှာများနေတာပဲရှိတယ်။ အဲဒီလိုပဲ ဝတ္ထုတိုဆိုပြီး ထည့်လိုက်တဲ့ဟာက ဆောင်းပါးဖြစ်ချင်ဖြစ်နေမယ်။ ဆောင်းပါးဆိုပြီး ထည့်လိုက် တာက ဝတ္ထုတိုဖြစ်ချင်ဖြစ်နေတယ်။ အယ်ဒီတာတွေက အရည်အချင်းနည်းကြ ပါတယ်။ ကိုယ်နဲ့အကြောင်းပေါင်းသင့်လို့ စာပေအရ ဝမ်းစာလည်းမရှိဘူး။ ပိုက်ဆံ ထုတ်တဲ့သူနဲ့ရင်းနှီးတဲ့အတွက် အယ်ဒီတာဖြစ်လာတဲ့သူက အများစု ဖြစ်နေတယ်။ ဒါကြောင့်မို့ အယ်ဒီတာတွေမှာ ရသစာပေ မထွန်းကားတာ အားနည်းသွားတာ။ အယ်ဒီတာတွေမှာ အဓိက တာဝန်ရှိတယ်လို့ ပြောချင်တယ်။

နောက်တစ်ခုက စာရေးဆရာပေါ့။ အယ်ဒီတာတွေက အဲဒီလို ပေါ်ပင်လိုက်သလိုပဲ စာရေးဆရာတွေကလည်းပဲ ပေါ်ပင်ကိုလိုက်ကြတာ။ ဝတ္ထု ရေးနိုင်တဲ့သူတွေ၊ ဝတ္ထုရေးတတ်တဲ့သူတွေက ဝတ္ထုမရေးကြတော့ဘဲနဲ့ ဝင်ငွေ ကောင်းကောင်း ရနိုင်တဲ့ စာမျိုးတွေပေါ့။ ဥပမာ တက်ကျမ်းတို့ ဘာတို့ရေးတာတို့၊ ခုဆိုရင် ရသစာပေအရေးကောင်းတဲ့ သူတွေအတော်များများက ခေတ်ပေါ်ပင် ခေတ်စားနေတဲ့ ပေါ်ပင်ဖြစ်တဲ့ သဘာဝပတ်ဝန်းကျင်အကြောင်း ဆောင်းပါးတွေ ရေးလိုရေး၊ အေအိုင်ဒီအက်စ်အကြောင်း ဆောင်းပါးတွေရေးလိုရေးနဲ့ ဝတ္ထုမရေး တော့ဘူး။ ဒီလို ပတ်ဝန်းကျင်တို့ အေအိုင်ဒီအက်စ်တို့ကို ရေးနိုင်တဲ့ လူတွေ အများကြီးရှိပါတယ်။ ဂျာနယ်လစ်တွေလည်း ရေးနိုင်တယ်။ ဆရာဝန်တွေလည်း ရေးနိုင်တယ်။ သစ်တောမှာ လုပ်ခဲ့ဖူးတဲ့သူတွေလည်း ရေးနိုင်တယ်။ ကျွန်တော်လည်း ရေးနိုင်တာပဲ၊ ဒါပေမယ့် ဝတ္ထုတစ်ပုဒ်ဆိုတာကျတော့ လူတိုင်း မရေးနိုင်ဘူး။ ကဗျာတစ်ပုဒ်ဆိုတာ လူတိုင်း မရေးနိုင်ဘူး။ စာရေးဆရာ တွေကလည်း အဲဒီလိုအလွယ်ပဲ လိုက်လာကြတယ်။ ပေါ်ပင်လိုက်ပြီးတော့ ရေးလာကြတယ်။ ဒါမျိုးကို ကျွန်တော် စာထဲမှာလည်း ရေးဖူးတယ်။ Internal brain drain စာပေဦးနှောက်ယိုစီးမှုပေါ့။ ကျွန်တော်ကတော့ ဒီကိစ္စမှာ အယ်ဒီတာရော စာရေးဆရာတွေပါ တာဝန်ရှိတယ်လို့ယူဆတယ်။ စာဖတ် ပရိတ်သတ်က မဖတ်တော့တာမဟုတ်ဘူး။ စာဖတ်ပရိသတ် တာဝန်ကျေတယ်။ ခုလည်း စာဖတ်ပရိသတ်ကတော့ ရသစာပေကို ဖတ်ချင်နေကြတာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK



တောင်းဆိုနေတာပဲ။ ခုနက ခုနစ်ထောင် ရှစ်ထောင် တစ်သောင်းဆိုတဲ့ ရေးက စာရေးဆရာကြီးတွေ ရေးတဲ့စာတွေ ရောင်းကောင်းနေတာဟာ လက်တွေ့ သက်သေပြတာပဲ။

အဲဒီလိုဆိုတော့ စာရေးတဲ့ စာရေးဆရာတွေဘက်က အားနည်း သွားတယ်ဆိုတဲ့ သဘောပေါ့ ဆရာ။

ဟုတ်တယ်။ စာရေးတဲ့လူတွေကလည်း အားနည်းတယ်။ အယ်ဒီတာတွေ ကလည်း အားနည်းတယ်။ အယ်ဒီတာတွေကလည်း ပေါပင်လိုက်ပြီး နိုင်ငံတကာဆိုလည်း နိုင်ငံတကာနောက်လိုက်၊ တက်ကျမ်းဆိုတော့လည်း တက်ကျမ်းတွေပဲ ဦးစားပေးပြီး ထည့်ကြ၊ အဲ့တော့ ဝတ္ထုဆိုတာ မဂ္ဂဇင်းမှာ အဖြည့်ခံလို ဖြစ်နေတယ်။ တချို့မဂ္ဂဇင်းမှာဆို ဝတ္ထုက သုံးပုဒ်လောက်တောင်မှ အနိုင်နိုင်ပါကြတော့တယ်။ ပေါ့ပ်က တစ်ဝက်လောက်ပါတယ်။ နိုင်ငံတကာတို့ ဘာတို့ ဗေဒင်တို့က .. လေးပုံတစ်ပုံလောက်ပါတယ်။ ဒီတော့ ရသစာပေက လေးပုံတစ်ပုံလောက်ပဲ ကျန်တော့တယ်။ အဲဒီလိုဖြစ်နေတယ်။ နောက်တစ်ခုက စာရေးဆရာတွေဘက်က တာဝန်တစ်ခု၊ အဲဒါ ဘာလဲဆိုတော့ ခုနလိုပေါ့။ စာအုပ်တွေ ဈေးကြီးလို့ လူတွေမဝယ်နိုင်လို့ စာအုပ်တွေ အရောင်းကျတယ်ဆိုတာနဲ့ အဖြေက မလုံလောက်ဘူး။ ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါကျတော့ ဘာသာရေးစာအုပ် တွေက သောင်းချီပြီးရိုက်ရတယ်။ အရင်တုန်းကဆိုရင် သိန်းနဲ့ချီရိုက်ခဲ့ရတဲ့ အချိန် ရှိခဲ့တယ်။ တချို့နာမည်ကြီးဆရာတော်တွေရဲ့ စာအုပ်တွေကို သိန်းနဲ့ချီ ရိုက်ရတယ်။ ပြီးတော့ အခုလည်း ဂမ္ဘီရစာအုပ်တွေ ပြီးတော့ ဘာလဲဟို . . တစ္ဆေသရဲစာအုပ်တွေ ရောင်းကောင်းနေတာပဲ။ ဗေဒင်လက္ခဏာ ဗေဒင်စာအုပ်တွေ ရောင်းကောင်းနေတာပဲ။ ဘာဖြစ်လို့လဲလို့ ကျွန်တော်စဉ်းစားကြည့်တယ်။ ဘာကြောင့်ဒီစာအုပ်တွေ ရောင်းကောင်းနေတာလဲဆိုရင် .. လူတွေလိုချင်တာကို ပေးနိုင်လို့ထင်တယ်။ စိတ်သက်သာရာ ရစေနိုင်၊ ပေးနိုင်လို့ထင်တယ်။

ဒါပေမယ့် ဝတ္ထုကျတော့ တချို့ဆို ငါးရာလောက်ပဲ ရိုက်ရတယ်ဆိုတော့ လူဦးရေ သန်းငါးဆယ်ကျော်ရှိတဲ့ နိုင်ငံမှာ စာအုပ် အုပ်ရေငါးရာလောက်ပဲ ရိုက်ရ တယ်ဆိုတော့က ရှက်စရာတောင် ကောင်းတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တို့က အကုန်လုံးစဉ်းစားကြဖို့လိုအပ်တယ်။ တစ်ခုတည်းနဲ့ အကြောင်းပြပြီးတော့ ဒါ့ကြောင့်ပဲလို့ ပုံချလို့ မရဘူး။ အားလုံးမှာ တာဝန်ရှိတယ်။ စာရေးဆရာတွေ မှာလည်း တာဝန်ရှိတယ်။ အယ်ဒီတာတွေမှာလည်း တာဝန်ရှိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



ဒီတော့ ပြန်ချုံ့ကြည့်လိုက်မယ်ဆိုရင် စာဖတ်ပရိသတ်ကတော့ စာကောင်းပေကောင်းတွေကို နှစ်သက်ဆဲ မျှော်လင့်ဆဲရှိနေတုန်း ဖြစ်တယ် ပေါ့နော်ဆရာ။ ဒါပေမယ့် ရသစာပေအားနည်းလာရတဲ့ အဓိက အကြောင်း အရင်းက စာရေးဆရာတွေဘက်က လိုအပ်ချက်၊ အယ်ဒီတာ တွေဘက်က လိုအပ်ချက်ဆိုတာကြောင့် ဖြစ်တယ်လို့။ ပြီးတော့ အားနည်းတယ်ဆိုတာ ကလည်း ယာယီအားဖြင့် အားနည်းတာဖြစ်ပြီး အားထုတ်ကြိုးပမ်းမယ် ဆိုရင် ရသခေတ်ဟာ ပြန်ပြီး အားကောင်းမောင်းသန် ပေါ်ထွန်းလာနိုင် တယ်ပေါ့နော် ဆရာ။

ဟုတ်တယ်။ ယာယီပဲ အခိုက်အတန့်အားနည်းတာပဲ။ အယ်ဒီတာဆိုတာ မှာလည်း ဒီနေ့လူငယ်တွေထဲမှာ အရည်အချင်းရှိတဲ့ လူငယ်တွေအများကြီးရှိပါ တယ်။ ဒါတွေကို ရှမဝက ဆွဲထုတ်ပေးလိုက်သလို ထုတ်ပေးမယ်ဆိုရင် စင်တင် ပေးမယ်ဆိုရင် လူငယ်တွေထဲမှာ အများကြီးရှိပါတယ်။ လူငယ်တွေ မညံ့ကြပါ ဘူး။ ဒီလူငယ်တွေအတွက် စင်မြင့်ဖန်တီးပေးမယ့်လူ မရှိဘူးဖြစ်နေတယ်။ အဲဒါ တွေ ကိုယ့်တာဝန်ကိုယ်ယူပြီး ကြိုးပမ်းနိုင်ကြမယ်ဆိုရင်တော့ ရသစာပေခေတ်ဟာ ပြန်လည်ထွန်းတောက်နိုင်ပါတယ်။

ရွှေအမြုတေက ကလောင်သစ် ကဏ္ဍထဲက တချို့ဆိုရင် နာမည်ရပြီးသား စာရေးဆရာတွေ ရေးတာထက်တောင်မှ ကောင်းသေးတယ်။ အဲ့ဒီလိုပေါ့ ကိုဝင်းငြိမ်းက လူသစ်တွေကို ဆွဲဆွဲထုတ်သလိုမျိုး ဒီ့ပြင် မဂ္ဂဇင်းအယ်ဒီတာတွေ ကလည်း အဲ့ဒီလို ဆွဲထုတ်တင်ပေးမယ်ဆိုရင် ရသစာပေဟာ ချက်ချင်းဝုန်းခနဲ ထောင်တက်သွားမှာပါ။ လူငယ်တွေထဲမှာ အများကြီး ရှိပါတယ်။ ဒီလူငယ်တွေ အတွက် စင်မြင့် ဖန်တီးပေးမယ့်သူမရှိဘူး။ ကျွန်တော်က ဖတ်သင့် ဖတ်ထိုက်တဲ့ မဂ္ဂဇင်းတွေ ဝယ်ဖတ်တယ်။ ပြီးတော့ အနယ်နယ်က လူငယ်တွေနဲ့လည်း ကျွန်တော်က အမြဲမပျက် ထိတွေ့နေတယ်ဆိုတော့ အရည်အချင်းရှိတဲ့ လူငယ်တွေ အများကြီးရှိတယ်။ ဒီတော့ ဒီနေ့ဖြစ်ပျက်နေတာတွေ အားလုံးမှာ လူတွေက ညံ့လို့မဟုတ်ဘူး။ ဦးဆောင် ဦးရွက်လုပ်ပေးမယ့်လူ မရှိလို့။ ဒီနေ့လူငယ်တွေရေးတဲ့ ကဗျာတွေ ဝတ္ထုတိုလေးတွေ ဖတ်ကြည့်၊ သိပ်ကောင်းတာပဲ။ ဒါပေမယ့် တင်ပေးမယ့်ဘက်က အားနည်းနေတယ်။ ဒါကြောင့် ကျွန်တော် ဆောင်းပါး ရေးတယ်။ ကျွန်တော် ဝတ္ထုဖတ်ချင်တယ် ... လို့။ ဘာကြောင့်လဲဆိုတော့ ဝတ္ထုက ဖတ်စရာကိုမရှိတော့သလို ဖြစ်လာလို့။ လုံးချင်းဝတ္ထုဆိုတာလည်း ဖတ်စရာ

mgyoe.com

mgyoe.com SAMPLE BOOK


မရှိတော့ဘူး။

ဒါပေမယ့် ခုလောလောဆယ်ပေါ့၊ နောက်ကာလအတွက် ဆောင်းပါးတစ်ပုဒ်ရေးထားတယ်။ ဂျူးရဲ့ဝတ္ထုနဲ့ ပတ်သက်လို့။ ဂျူးရဲ့ဝတ္ထုတွေ ခုနောက်ပိုင်းပေါ့လေ၊ ကျွန်တော်ဖတ်ကြည့်တယ်၊ ဖတ်ပြီးတိုင်း ဂျူးဝတ္ထုတွေကို စိတ်တိုင်းမကျတာကြာပြီ။ ပေါ်အခုနောက်ဆုံး ထွက်လာတဲ့ "သူမင်းကို ဘယ်တော့မှ ..." ဝတ္ထုလည်း အရင်လို ဝတ္ထုလိုမျိုးလို့ ထင်လို့ပဲ စိတ်မပါတပါနဲ့ ဖတ်တယ်။ ဖတ်ရင်း ဖတ်ရင်းနဲ့ တဝက်လောက်ရောက်တော့ ဒီဝတ္ထုက ဆွဲဆောင်သွားတယ်။ ဒါနဲ့ အစအဆုံးပေါ့ တစ်ထိုင်တည်းဖတ်လိုက်တယ်။ သိပ်ကောင်းတဲ့ ဝတ္ထုဗျ၊ ဝတ္ထု ပီသတဲ့ဝတ္ထု။ အဓိကကတော့ ကျွန်တော်ပြောချင်တာက ဂျူးဆိုရင် သူ့နောက်ပိုင်း စာအုပ်တွေမှာ ဖတ်ပြီးတော့ မကျေမနပ်ချည်းပဲ ကျန်ရစ်ခဲ့ရတာ။ တစ်အုပ်ကဆိုရင် ဒီရက္ခဗေဒကျောင်းသုံးစာအုပ်ဖတ်ရသလိုကို ဖြစ်နေတာ၊ ဘာမှကို ဝတ္ထုမဟုတ်တော့ဘူး။ ပညာပေးတွေချည်းပဲ ဖြစ်နေတယ်။ အခုဒီ သူမင်းကို ဘယ်တော့မှ ... ဝတ္ထုကတော့ တကယ့်ဝတ္ထုစစ်စစ်ပဲ၊ ဝတ္ထုရေးတဲ့ အတတ်ပညာပိုင်းက ကြည့်မယ်ဆိုရင်လည်း ဝတ္ထုပီသတယ်။ အကြောင်းအရာပိုင်းကလည်း ကောင်းတဲ့ အကြောင်းအရာ။ အဲဒီ အင်မတန်ကောင်းတဲ့ အကြောင်းအရာကို အင်မတန်လှပအောင် လူတွေရဲ့ လက်ဝယ်ရောက်အောင် ရေးတတ်တယ်။

ကျွန်တော်တို့ ရေးခဲ့ကြတာပဲ။ လူဘဝအထွေထွေအကြောင်း၊ အဲ့ဒီလို ရေးခဲ့သော်လည်းပဲ ဒီဝတ္ထုတစ်ပုဒ်လောက်မထိရောက်ဘူး။ ဒီဝတ္ထုမှာ ပစ္စည်းမဲ့လူတန်းစားတို့၊ ဒီမိုကရေစီတို့၊ အရင်းရှင်တို့၊ ဘာမှမပါဘူး၊ ဒါပေမယ့် ဒါတကယ့်လူတွေရဲ့ လက်တွေ့အခြေအနေကို လက်ညှိုးထိုး ပြောသွားတာ သိပ်လှတယ်။ သိပ်ထိရောက်တယ်၊ သိပ်လိမ္မာပါးနပ်တယ်။

အဲ့ဒီတော့ ဂျူးဟာ အရင်တုန်းက မယောင်ရာဆီလူးတဲ့ အလုပ်တွေလုပ်နေတယ်၊ သဘာဝပတ်ဝန်းကျင် အကြောင်းရေး၊ အေအိုင်ဒီအက်စ်ရေးပေါ့ဗျာ ခုဒီတစ်အုပ်မှာတော့ သူက စာရေးဆရာရဲ့ တာဝန်ကျေပွန်စွာနဲ့ ဝတ္ထုပီပီသသ ရေးလိုက်တဲ့အတွက် အင်မတန်ဖတ်လို့ကောင်းတယ်။

**ဒီလိုဆိုတော့ ဆရာ ...ရေးနိုင်တဲ့စာရေးဆရာတွေလည်းရှိတယ်။ ဒါပေမယ့် မရေးလို့ဆိုတဲ့ အဓိပ္ပာယ်ပေါ့နော်။**

ဟုတ်တယ်။ ရှိတယ်။ ဒါပေမယ့် ခုနပြောသလို မယောင်ရာဆီလူးတွေ

mgyoe.com

mgyoe.com

SAMPLE BOOK


လုပ်နေသူတွေလည်းရှိတယ်။

ထမင်းရည်ပူလာ လျှာလွှဲစကားပြောတာတွေလည်း ရှိတယ်။ တကယ်က စာရေးဆရာတွေက အားမထုတ်တာ။ မကြိုးစားတာ။ ဆိုပါစို့ .. ကျွန်တော် သုံးလေးခါ ရေးဖူးတယ်။ ကျွန်တော်တို့ စာရေးဆရာတွေက ကာတွန်းဆရာတွေနဲ့ ကဗျာဆရာတွေကို အတုယူကြဖို့ကောင်းတယ်လို့။ ကာတွန်းဆရာတွေကို အတုယူကြဖို့ကောင်းတယ်လို့။ ကာတွန်းဆရာတွေဆွဲတဲ့ ကာတွန်းတွေဟာ ...၊ လူတွေရဲ့ ဘဝတွေခေတ်တွေကို သရုပ်ဖော်တဲ့နေရာမှာ လက်ဖျားခါလောက် အောင်ကို ကောင်းကြတယ်။ အမျိုးမျိုးလှည့်ပတ် ....ပြီးတော့ ဆွဲတတ်ကြတယ်။

စာပေစိစစ်ရေးဆိုတာ တစ်ထောင့်ကိုးရာ ခြောက်ဆယ်နှစ်ကတည်းက ရှိခဲ့တာပဲ။ အဲ့ဒီ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာကို ... မြန်မာပြည်မြောက်ပိုင်း လို စာအုပ်မျိုးကြီးတွေ ထွက်လာခဲ့တာပဲ။ ဥပမာ ကျွန်တော့်ကိုယ် ကျွန်တော်ပဲ ပြောမယ်၊ အရင်ကကျွန်တော်က စာမရေးတတ်ဘူး၊ ကျွန်တော်က သတင်းစာ သမား၊ တစ်လျှောက်လုံး ကျွန်တော်က သတင်းစာအလုပ်ပဲလုပ်ခဲ့တယ်။ သတင်းစာရေးဟန်ဆိုတာက တိုတိုတုတ်တုတ်နဲ့ လိုတိုရှင်းရေးရတယ်။ အဖွဲ့အနွဲ့ တွေ မပါရဘူး၊ ဒီတော့ တုတ်ထိုးအိုးပေါက်ပဲရေးတတ်တယ်။ လှည့်ပတ်ပြီးတော့ မရေးရဘူး။ ကျွန်တော်တို့က အဲ့ဒီလိုပဲရေးတတ်တဲ့လူ၊ ခု ... ကျွန်တော်က စာတွေ အများကြီးရေးနေတဲ့ စာရေးဆရာဖြစ်လာတယ်။ ဒါကြောင့် ရသစာပေကိစ္စက အကြောင်းတစ်ခုခုအပေါ် ပုံချပြီး ထမင်းရည်ပူလာ လျှာလွှဲလုပ်လို့ မရပါဘူး။ စာအုပ်ဈေးတွေကြီးလို့ လူတွေဝယ်မဖတ်ချင်ကြတော့လို့ ... ဆိုတာလည်း ထမင်းရည်ပူလာ လျှာလွှဲပြောတာပဲ။

**ဒီတော့ဆရာ၊ ချုပ်လိုက်ရင် ရသစာပေ ပြန်လည်အားကောင်း လာရေးဆိုတာမှာ နံပါတ်တစ်ကဖန်တီးထုတ်လုပ်တဲ့ စာရေးဆရာအပေါ်မှာ တာဝန်ရှိတယ်။ နံပါတ်နှစ်က အယ်ဒီတာတွေအပေါ်မှာ တာဝန်ရှိတယ်။ ဒီလိုလား ဆရာ။**

ဟုတ်တယ်။ ဒီနှစ်ဦးအပေါ်မှာ အဓိက တာဝန်ရှိတယ်လို့ ပြောရမယ်။ တော်တဲ့လူငယ်တွေရှိတယ်။ သူတို့ကို စင်တင်ပေးရမယ်။ စာရေးဆရာတွေ ကလည်း မယောင်ရာဆီလူးမနေဘူးဆိုရင် ရသစာပေဟာ ဘယ်တော့မှ ကျဆုံး သွားမှာ မဟုတ်ပါဘူး။ အခု မှေးမှိန်နေတယ်ဆိုတာကလည်း ယာယီ မှေးမှိန်တာပါ။ အယ်ဒီတာတွေ စာရေးဆရာတွေ တကယ်ကြိုးပမ်းကြမယ်ဆိုရင် ရသစာပေဟာ ပြန်လည်ထွန်းတောက်လာနိုင်ပါတယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## မန္တလေးရဲ့ ဝိညာဉ် (၁)

မန္တလေးနဲ့ ကင်းဝေးနေကြတဲ့ မန္တလေးသူ မန္တလေးသားမှန်သမျှ ကြီးငယ်မရွေး မန္တလေးကို မလွမ်းဘဲ မနေနိုင်တဲ့အချိန် နှစ်ချိန်ရှိပါတယ်။ သင်္ကြန်ကျချိန်နဲ့ တန်ဆောင်တိုင်ပွဲတော် ကျင်းပချိန်တို့ ဖြစ်ပါတယ်။ အခုလို (၇၀) တန်းရောက်နေတဲ့ အသက်အရွယ်မှာတောင် အဲဒီပွဲတော်ချိန် နှစ်ချိန် ရောက်ပြီဆိုရင် စိတ်ကသူ့အလိုအလျောက် မန္တလေးကို ရောက်ရောက်သွားတော့တာပဲ ဖြစ်တယ်။ မတွေးဘဲ၊ မလွမ်းဘဲ၊ မတမ်းတဘဲကို မနေနိုင်ပါဘူး။ ဆွတ်ပျံ့လွမ်းမောစရာ ငယ်ဘဝလွမ်းအိပ်မက်တွေ ရှိသူများမှ မဟုတ်ဘူး။ ဘာမှမရှိတဲ့သူ၊ စိတ်ကူးမယဉ်တတ်တဲ့သူများတောင် ဒီအချိန်ရောက်ရင် သတိရတတ်ကြတာပဲ။ ဘာကြောင့်လဲဆိုတော့ ဒီအချိန်နှစ်ချိန် ဒီပွဲတော်နှစ်ခုဟာ မန္တလေးမြို့ရဲ့ ပျော်စရာအကောင်းဆုံး ဖြစ်နေလို့ပါပဲ။ အဝေးရောက်မန္တလေးသူ မန္တလေးသားများအဖို့တော့ လွမ်းအိပ်မက်တွေကို တသသနဲ့ ပြန်မက်ကြတဲ့ အချိန်ကာလပေါ့လေ။

**ထီးဟန်နန်းဟန် မပျောက်သေး**

လွမ်းမယ်ဆိုလည်း တကယ်လွမ်းလောက်တာပါ။ မန္တလေးသင်္ကြန်ဆိုတာက ရန်ကုန်သင်္ကြန်နဲ့လုံးဝမတူ ခြားနားတာပါ။ မန္တလေးဆိုတာ မင်းနေပြည်တော်ဖြစ်ခဲ့ဖူးလေတော့ ကျွန်တော်တို့ငယ်ငယ် လွန်ခဲ့တဲ့နှစ်ပေါင်းငါးဆယ်၊ ခြောက်ဆယ် လောက်ကာလအထိကို မင်းမျိုးမင်းနွယ် ဆွေတော်မျိုးတော်တွေ၊ ချွေရံသင်းပင်းတွေ၊ တော်တော်ရှိနေကြသေးတာ။ ထီးမူနန်းရာတွေကလည်း နေရာအနှံ့ ပျောက်ပျက်ကြွင်းကျန်ရှင်သန်နေကြသေးတာ။ ဘကြီးတော်ဘုရားတို့၊ အရီးတော်ဘုရားတို့ အစ်မတော်ဘုရားတို့ဆိုတဲ့ အခေါ်ဝေါ်တွေကြား နေရသေးတာ။ ထီးငွေ့နန်းငွေ့တွေ မပျက်သေးလေတော့ ရိုးရာပွဲလမ်းသဘင် မှန်သမျှက နန်းဆန်ကြ

mgyoe.com

mgyoe.com


မန်းဆန်ကြပါသေးတယ်။ တော်တော်လေး လွတ်လွတ်လပ်လပ် အပျော်ကျူး ကြတဲ့ တန်ခူးလ သင်္ကြန်ပွဲတော်ဆိုတာတောင် ထီးဟန်နန်းဟန်လေးတွေ စွက်ပြီး အနုအယဉ်အလှအပလေးတွေကို ဦးစားပေးလုပ်ကြတာ။ သင်္ကြန်အလှပြယာဉ် တွေဆို နန်းမြင့်မျှော်စင်တွေ ဗဟိုရ်စည်စင်တွေကို ကနုတ်ပန်းချီတွေနဲ့ အကုန်အကျ ခံပြီး လုပ်ကြတာ။ ဝတ်စားဆင်ယင်မှုကလည်း နေ့ရေပက်ခံချိန်ဆို အင်္ကျီလက်တို သွေးတူမွေးတူနဲ့ ပလေကပ်လုံချည်ဆင်တူနဲ့ ထွက်ကြပြီး၊ ညဆို ဝတ်စုံဆင်တူမှာ အပေါ်က တိုက်ပုံဝတ်ပြီး ထွက်ကြတာ။ မန္တလေးသင်္ကြန်က ညဖက် ရေမပက် ပါဘူး။ ရန်ကုန်ကသာ ပတ်တာပါ။

ရန်ကုန်က သဘာဝ

ရန်ကုန်သင်္ကြန်ကားတွေကတော့ အနုအယဉ်အလှအပတွေ ဦးစား မပေးဘူး။ သူတို့က သဘာဝကို ဦးစားပေးတာ။ ကားပေါ်မှာ တဲကြီးထိုးထားပြီး ဆင်းရဲသား တောင်သူလယ်သမားလို ဝတ်ထွက်ကြကာ။ တချို့က ကားပေါ်မှာ နွားလှည်းကြီးတင်လာကြပြီး၊ တချို့ကတော့ လှေကြီးတင်လာကြတယ်။ ပြီးတော့ မန္တလေးလို အဆိုအတီးတွေ ဦးစားမပေးဘူး။ သံချပ်နဲ့ သရုပ်ဖော်တာကို အဓိက ထားကြတယ်။ ဒါကြောင့် မန္တလေးသင်္ကြန်က ပကာသန၊ ရန်ကုန်က သဘာဝလို့ ရန်ကုန်သားတွေ ပြောတတ်ကြတယ်။ သူတို့ပြောတာ မှားတော့ မမှားပါဘူး။ မန္တလေးသင်္ကြန်ကတော့ စောစောပိုင်းတွေတုန်းက သံချပ်အဖွဲ့ဆိုတာ လုံးဝမရှိပါဘူး။ အမျိုးသား အဆိုအတီး အလှပြအဖွဲ့တွေနဲ့ အမျိုးသမီးအက အလှအဖွဲ့တွေပဲရှိပါတယ်။ ရေပက်တဲ့ အမျိုးသမီး အဖွဲ့တွေကတော့ စင်မြင့်မဏ္ဍပ် ကို သိပ်မပြင်ပါဘူး။ အမျိုးသားရေပက်ခံအဖွဲ့ကားတွေကသာ အလှအပအပြိုင် အဆိုင် ပြင်ကြဆင်ကြတာဖြစ်ပါတယ်။ သံချပ်အဖွဲ့တို့ စပေါ်လာတာက ၁၉၅၀ နှောင်းပိုင်းနှစ်တွေလို့ ထင်ပါတယ်။ မန္တလေးက စလုပ်တာလည်း မဟုတ်ပါဘူး။ "ညောင်ပင်သာရွာက ဗိုလ်သခင်ဆရာ" ဆိုတဲ့ အဖွဲ့က စခဲ့တာပါ။ အဲဒီအဖွဲ့က မိတ္ထီလာကလာတာ။ လေတပ်သားတွေလို့ ပြောကြပါတယ်။ သူတို့အဖွဲ့က ဂျစ်ကားကို လေးဘက်လေးတန် ပိတ်သားဘောင်ခတ်ပြီး ပိတ်သားပေါ်မှာ "ညောင်ပင်သာရွာက ဗိုလ်သခင်ဆရာ" လို့ လက်ရေးသော့နဲ့ ရေးသားရုံပါပဲ။ ဘာအလှအပမှ မပါဘူး။ ရောက်လေရာမဏ္ဍပ်မှာ သံချပ်တိုင်ကြ ထိုးကြတယ်။ ရန်ကုန်က အဖွဲ့ကြီးတွေလို သဘာဝသရုပ်ဖော်တွေဘာတွေ မပါပါဘူး။ သံချပ်

mgyoe.com

mgyoe.com SAMPLE BOOK


ထုံးစံအတိုင်း အသောအထေ့၊ အလှောင်အပြောင်တွေချည်းဆိုတော့ သူတို့အဖွဲ့ ရောက်လေရာမှာ ပရိသတ်ကြီးက တဝါးဝါး၊ တဟားဟား၊ လက်ခုပ် တဖျောင်းဖျောင်းနဲ့ ဝိုင်းအုံနေကြပါတော့တယ်။ အသစ်အဆန်း ရောက်လာတာလည်းဖြစ်၊ ခေတ်ကိုစံနစ်ကို သရော်လှောင်ပြောင်တာတွေလည်း ဖြစ်တော့ လူတွေရဲ့ တကယ့်ဘဝနဲ့ဟပ်မိပြီး သူတို့ကို မြို့လူထုက ကောင်းကောင်းကြီး ကြိုဆိုအားပေး ကြပါတယ်။ သူတို့အဖွဲ့ကလည်း နောင်နှစ်တိုင်းရောက်လာပါတော့တယ်။

## ယဉ်တာနုတာမှကြိုက်

ဒါပေမယ့် မန္တလေးပေါက်သံချပ်အဖွဲ့ဆိုတာတော့ ပေါ်ထွက်လာတာမတွေ့ရပါဘူး။ မန္တလေးက လှတာယဉ်တာနုတာကိုမှ ကြိုက်တတ်တယ်ထင်ပါရဲ့။ ယဉ်ပုံများ မပြောနဲ့တော့ သင်္ကြန်ကြိုတာတောင်မှ အလှအယဉ်နဲ့ ကြိုတာ၊ သင်္ကြန်အကြိုနေ့ ညနေဖက်မှာ မန္တလေးတစ်မြို့လုံးက ရှိရှိသမျှ ရေပက်သင်းတွေ၊ ရေပက်ခံမဏ္ဍပ်တွေ ကားတွေရော လူတွေပါ အလှဆုံးပြင်ဆင်ပြီး ဈေးချိုတော်ရှေ့မှာ စုဝေးကြတယ်။ အားလုံးစုံညီရောက်ကြပြီဆိုတော့ သီဆိုတီးမှုတ်ကခုန်ကြပြီး၊ မဟာမုနိဘုရားကြီးကို သွားဦးတိုက်ကြတယ်။ အဲဒီနောက်မှ ရေပက်မဏ္ဍပ်အသီးသီးက လုပျိုဖြူတွေက ကိုယ့်မဏ္ဍပ်ကိုယ်ပြန်ပြီး ဧည့်ခံသီဆိုကပြကြတယ်။ ရေပက်ခံအသင်းအလှပြယာဉ်တွေကလည်း မီးရောင်စုံတွေ ထွန်းပြီး မဏ္ဍပ်ပေါင်းစုံကို လှည့်လည်သွားလာကြတော့တယ်။ တန်ခူးလထဲရောက်မှ သင်္ကြန်ကျတာဖြစ်ပေမယ့် မန္တလေးကတော့ တပို့တွဲ တပေါင်းကစပြီး လှုပ်ရှားသက်ဝင်နေကြပြီ။ ရပ်ကွက်တိုင်းလိုလိုမှာ ညဖက်ယိမ်းတိုက်တဲ့ ဆိုသံတီးသံတွေ ပျံ့လွင့်နေပြီ။ ကျွန်တော်တို့ခေတ်ကတော့ မီးသတ်ဗိုလ်ကြီး ဦးမောင်မောင်ရဲ့သား ဘိုဘိုတို့ မာမီမတင်အောင်တို့ တတွေကို ဟိုအဖွဲ့က လာခေါ်လိုက်၊ ဒီအဖွဲ့ကလာခေါ်လိုက်နဲ့ လက်မလည်အောင် အလုပ်ရှုပ်ကြတာပေါ့။ မန္တလေးက မိဘတွေက သူတို့သမီးပျိုလေးတွေကို ဘိုဘိုတို့ မာမီမတင်အောင်တို့ကလွဲရင် ဘယ်သူနဲ့မှ စိတ်ချတာမဟုတ်ဘူး။

## မျက်လုံးချင်းဆုံ ရင်ခုန်ကြ

သင်္ကြန်အကြိုနေ့ကတော့ နှုတ်ဆက်ရုံသက်သက်မို့ သိပ်ညနက်ကြီးထိနေလေ့မရှိပါဘူး။ အလှပြသက်သက်ပါပဲ။ သင်္ကြန်အကြိုနေ့မှာ မန္တလေးက

mgyoe.com

mgyoe.com SAMPLE BOOK



ရေမပက်ပါဘူး။ အကျနေ့ကစပြီး သင်္ကြန်မတက်မချင်းတော့ ညသန်းခေါင်ကျော် တစ်ချက်တီး၊ နှစ်ချက်တီးအထိ နေ့မှာ ရေပက်ကြ၊ ညမှာ တီးမှုတ်သီဆိုကခုန်ကြပေါ့လေ။ နောက်ဆုံးအတက်နေ့ဆိုရင်တော့ မိုးစင်စင်လင်းလို့ လူတွေဈေးသွားငါးဝယ်ထွက်လာကြချိန်ထိ တချို့မဏ္ဍပ်တွေက ဖွဲကောင်းကောင်းနဲ့ ဆိုကြ ကကြတုန်း။ ကားတွေပေါ်က အစ်ကိုတွေ မောင်တွေနဲ့ နှုတ်ဆက်စကားတွေ ပြောကောင်းတုန်း ရှိတတ်ကြသေးတာ။ ဒီမှာနာမည်လေးတွေ မေးကြဖြေကြ၊ လိပ်စာ စာရွက်ကလေးတွေ ဖလှယ်ကြနဲ့ သင်္ကြန်ဇာတ်လမ်းလေးတွေ ဖြစ်တည်တတ်ကြတာပေါ့လေ။ တချို့တလေ ပျော်စရာ ဇာတ်လမ်းလေးတွေ ဖြစ်သွားကြသလို၊ တချို့ကျတော့လည်း တသသလွမ်းမောစရာလေးတွေ ဖြစ်ကျန်ရစ်ကြတာပေါ့။ အဲဒီခေတ်က ခုခေတ်လို ရေပိုက်တွေနဲ့ ဝိုင်းထိုးတာမဟုတ်ဘူး။ ငွေဖလားနဲ့ ရေကစားတဲ့ခေတ်။ ရေပက်ခံယာဉ်နဲ့ ရေပက်မဏ္ဍပ်အပြန်အလှန် နှစ်ကြော့စီလောက် သီဆိုတီးမှုတ် ကခုန်ပြီးတာနဲ့ မဏ္ဍပ်ပေါ်က လှပျိုဖြူတွေက အောက်ဆင်းလာပြီး၊ ရေပက်ခံယာဉ်ကို ဝိုင်းပတ်ကရင်း ငွေဖလားနဲ့ ရေပက်ကြတာလေ။ ဒီတော့ မျက်လုံးချင်းဆုံ ရင်ခုန်ကြပြီး မျက်လုံးချင်း စကားတွေ ပြောနိုင်ကြတော့တာပေါ့။ ခုခေတ်တော့ စင်ပေါ်ကနေပြီး ရေပိုက်တွေနဲ့ ခေါင်းမဖော်နိုင်အောင် ဝိုင်းထိုးကြတာဆိုတော့ ဘယ်လိုလုပ်ပြီး မျက်လုံးချင်းဆုံကြတော့မှာလဲ။ မန္တလေးမှာ ရေပိုက်နဲ့ ထိုးတာဆိုလို့ ကျွန်တော်တို့ခေတ်က နှစ်နေရာပဲရှိပါတယ်။ ၂၉ လမ်း၊ ဝါးတန်းထောင့်က နာမည်ကျော် 'ဒလကြမ်း' အဖွဲ့နဲ့ ဈေးချိုအရှေ့ဖက် တိုက်တန်းကြီးရှေ့က မီးသတ်ပိုက်အဖွဲ့တို့ ဖြစ်ကြတယ်။ သူတို့ကတော့ ဧရာမပိုက်ခေါင်းကြီးတွေနဲ့ ကြောက်ပါပြီမအော်မချင်း အားမနာတမ်း ထိုးကြတာ။ ဒလကြမ်းအဖွဲ့ဆိုတဲ့အတိုင်း တကယ်ကို ကြောက်ပါပြီအော်ရတာပါ။ ဒါပေမယ့်လည်း သူတို့လက်က လွတ်တာနဲ့ "ပိုက်စုတ်ကြီးနဲ့ ပက်တာလောက်တော့ ရယ်တာပေါ့၊ ရယ်တာပေါ့" လို့ ကားမောင်းပြေးရင်း အော်ခဲ့ကြသေးတယ်လေ။ ပြန်တွေးရင်းတောင် ပြုံးလိုက်မိသေးတော့တယ်။

**တန်ဆောင်တိုင်အလွမ်း**

တချို့သင်္ကြန်အသင်းများဆို တန်ဆောင်တိုင်ပွဲတော်မှာတောင် အစုအစည်းမပျက် သိုက်သိုက်ဝန်းဝန်းနဲ့ စစ်ကိုင်းတောင်ရိုးကို ရောက်လာပြီး

mgyoe.com

m g y o e . c o m

SAMPLE BOOK


သီဆိုတီးမှုတ်ကခုန်ပြီး ပျော်ဖြေကြသေးတာ တွေ့ရတယ်။ တန်ဆောင်မုန်းလပြည့် အဖိတ်နေ့ညဆို မန္တလေး ဈေးချိုတော်ရုံကြီး ၁၂ ရုံစလုံးက အပျိုချောတွေ အားလုံး စစ်ကိုင်းတောင်ရိုးကို ရောက်နေကြတယ်လို့ ပြောရင်တောင်ရပါတယ်။ စစ်ကိုင်း တောင်ရိုးက ရှိရှိသမျှ ချောင်တွေအကုန်လုံး လူတွေပြည့်နေကြတာချည်းပဲ။ တစ်ချောင်နဲ့ တစ်ချောင်၊ ချောင်လည်ချောင်ပတ်လုပ်ပြီး စတုဒိသာကျွေးသမျှတွေ ကို လျှောက်စားရတာ ပျော်စရာကောင်းလှပါတယ်။ အဖိတ်နေ့ည တစ်ညလုံး ဘယ်သူမှ မအိပ်ကြဘူး။ ပုညရှင်၊ ဥမင်သုံးဆယ်၊ ဥမင်ခြောက်ဆယ်၊ လွမ်းစေတီ ဆိုတဲ့ ဘုရားရင်ပြင်တွေမှာ ကျိတ်ကျိတ်တိုး ခြေချစရာတောင်မရှိဘူး။ အဝေးဆုံး ပတ္တမြားစေတီထိ မီးတုတ်တွေထွန်းပြီး တက်ကြသူတွေလည်း နည်းတာ မဟုတ်ဘူး။ မန္တလေးတက္ကသိုလ်က အဆောင်နေကျောင်းသူတွေကိုလည်း ညအိပ် ထွက်ခွင့်ပေးတာကြောင့် မန်းတက္ကသိုလ်တစ်ကျောင်းလုံး ကျောင်းသူ ကျောင်းသားသာမက ဆရာဆရာမတွေပါ မကျန်အောင် စစ်ကိုင်းတောင်ရိုး ရောက်နေကြတော့တယ်။ အဖိတ်နေ့မနက်ကတည်းက အဖွဲ့လိုက်သဘောၤနဲ့ ကူးသူကကူး၊ ကားတွေနဲ့ သွားသူကသွားနဲ့ မန္တလေးမြို့ကြီး ခြောက်ကပ် ကျန်ရစ်သလိုပါပဲ။ လပြည့်နေ့ညနေ စောင်းမှ မန္တလေးဘက်ပြန်ကြတယ်လေ။ ဒီမှာလည်း ဆွမ်းဦးပုညရှင်ဇာတ်လမ်းလေးတွေ၊ လွမ်းစေတီဇာတ်လမ်းလေးတွေ ဖြစ်တည်ခဲ့ကြပါတယ်။ တန်ဆောင်တိုင် ပွဲတော်ပြီးရင် ရွှေမန်းတောင်နဲ့ ရွှေဆိုင်တန်းတွေမှာ လူတွေ ခါတိုင်းထက်ပိုပြီး စည်ကားလာလေ့ရှိတယ်လို့ ပြော လေ့ရှိတာ တကယ်အမှန်ပဲ ဖြစ်ပါတယ်။

မန္တလေးနဲ့ ဝေးကွာနေရတဲ့မန္တလေးသူ မန္တလေးသားမှန်သမျှ သင်္ကြန်နဲ့ တန်ဆောင်တိုင်ဆို မလွမ်းဘဲကို မနေနိုင်ကြပါဘူး။ ကျောင်းသားဘဝတုန်းကများ ဘယ်လောက်ထိ ကဲခဲ့သလဲဆိုရင် အဖိတ်နေ့ညနေ မန္တလေး အရောက်သွားပြီး အိမ်တောင်မဝင်တော့ဘဲ စစ်ကိုင်းဘက်တန်းကူးတယ်။ လပြည့်နေ့ ကျတော့လည်း အိမ်ကို မဝင်ဘဲ ညရထားနဲ့ရန်ကုန်ပြန်ပြေးပြီးနောက်နေ့မနက် ကျောင်းတက်ခဲ့တာဖြစ်တယ်။ အဲဒီလောက် သည်းတာ၊ ကဲတာ၊ လွမ်းတာဖြစ် တယ်။ ဒါကြောင့်လဲ ရန်ကုန်သားများက မန္တလေးသားတွေကို ဇာတိစွဲသိပ်ကြီး တာပဲဆိုပြီး မျက်မုန်းကျိုးကြတာဖြစ်တယ်။ သူတို့အဆိုးမဟုတ်ပါဘူး။ မန္တလေးသားကလည်း အစွဲကြီးလွန်းပါတယ်။ ဒါပေမယ့် စွဲစရာတွေကလည်း ရှိနေသေးတာကိုး။ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာ သာသနာရေး၊ စာပေယဉ်ကျေးမှုနဲ့

m g y o e . c o m

mgyoe.com SAMPLE BOOK


သဘင်အနုပညာ၊ ဘက်ပေါင်းစုံမှာ ဘယ်ဘက်က ကြည့်လိုက်ကြည့်လိုက် မန္တလေးက ချစ်စရာ၊ စွဲစရာ၊ ဂုဏ်ယူစရာ၊ လွမ်းစရာပြောမဆုံးနိုင်အောင် ရှိနေတာ မဟုတ်လား။ မန္တလေး နှစ် ၁၅၀ ပြည့် ကြုံကြိုက်တဲ့အခါသမယမှာ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာသာသနာအရေး၊ စာပေယဉ်ကျေးမှုသဘင်အနုပညာ နယ်ပယ် အသီးသီးက လွမ်းစရာလေးတွေကို ဆစ်ပိုင်းပြီး တကဏ္ဍစီ ပိုင်းခြားတင်ပြ သွားဦးမှာမို့လို့ စောင့်မျှော်ဖတ်ရှုကြပါဦးလို့ ဖိတ်မန္တကပြုလိုက်ရပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## မန္တလေးရဲ့ဝိညာဉ် (၂)

**တိုင်းရေးပြည်ရေး မန္တလေး**

မန္တလေးသားတွေ ဒေသစွဲ ကြီးလွန်းတယ်ဆိုတာမှန်တယ်။ စွဲစရာတွေလည်း ရှိပေတာကိုးလို့ ပြီးခဲ့တဲ့အပတ်က ဆိုခဲ့တယ်။ အခုအပတ်တော့ တိုင်းရေးပြည်ရေးနဲ့ ပတ်သက်ပြီး မန္တလေးရဲ့ ဂုဏ်ယူစရာတွေကို တင်ပြပါမယ်။ သိကြတဲ့အတိုင်း ထီးကျိုးစည်ပေါက် မင်းပါပျောက်ခဲ့ရတဲ့ အချိန်ကစပြီး မြန်မာတစ်နိုင်ငံလုံးမှာ ရှိရှိသမျှ လှည်းနေလှေအောင်း မြင်းစောင်းမကျန် တိုင်းရင်းသား လူမျိုးပေါင်းစုံ တို့ဟာ ရရာလက်နက်စွဲကိုင်ပြီး နယ်ချဲ့ မျက်နှာဖြူတို့ကို ခုခံတိုက်ခိုက်ခဲ့ကြပါတယ်။ မြန်မာလူမျိုးတွေ သွေးချောင်းမစီးစေချင်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့၊ နယ်ချဲ့သမားနဲ့ ပူးပေါင်းပြီး ရာထူးရာခံတွေ ရယူသွားခဲ့ကြတဲ့ ကင်းဝန်နဲ့ အပေါင်းပါတွေလို အလိုတော်ရိတွေ မရှိမဟုတ်ရှိပါတယ်။ ဒါပေမယ့် စစ်ကဲကြီး ဘယ်သူဘယ်ဝါ ဆိုတဲ့ လက်ပါးစေတွေဟာ ဆယ်ဂဏန်းသာသာရှိတာပါ။ လူများစုကြီးကတော့ နယ်ချဲ့ကို တစ်သောင်လုံး လှေခွက်ချည်းကျန် အလံမလဲ ဆိုတဲ့ စိတ်ဓာတ်နဲ့ အသက်ပေးတိုက်ခိုက်ခဲ့ကြပါတယ်။

**အသင်းအပင်း အလေ့အကထ မရှိတဲ့**

နယ်ချဲ့ဆန့်ကျင်ရေးအစဉ်အဆက် တိုက်ပွဲတွေမှာ နယ်ချဲ့သမားတို့ရဲ့ အုပ်ချုပ်ရေးဗဟိုချက် ဖြစ်တဲ့ ရန်ကုန်မြို့တော်က ဦးဆောင်ကဏ္ဍက ရှိခဲ့ပါတယ်။ ဒါပေမယ့်လို့ မန္တလေးကလည်း မညံ့ပါဘူး။ တိုက်ပွဲစဉ်တိုင်းမှာ ရှေ့တန်းက စုံ့စွံ့စားစား ပါဝင်ခဲ့တာချည်းပါပဲ။ တချို့ကဏ္ဍမှာဆို မန္တလေးက စတင်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK



ဦးဆောင်ဦးရွက်ပြုခဲ့ကြပါတယ်။ မြန်မာတို့ရဲ့ သူ့ကျွန်မခံစိတ်ဓာတ်ကြီးမား ပြင်းထန်ပေမယ့်၊ မြန်မာလူမျိုးများမှာ အသင်းအပင်းဖွဲ့စည်းတည်ထောင်ပြီး တိုင်းရေးပြည်ရေးလှုပ်ရှားဆောင်ရွက်တဲ့ အလေ့အထမရှိခဲ့ဖူးလေတော့၊ နယ်ချဲ့ ရန်သူကို လက်နက်ကိုင် ခုခံတိုက်ခိုက်မှုများ တဖြည်းဖြည်း အင်အားချည့်နဲ့ သွားခဲ့ ရပါတယ်။ ပဒေသရာဇ်စနစ်ရဲ့ လက်အောက်မှာ ဘယ်နိုင်ငံ ဘယ်လူမျိုး မှာမှ အသင်းအပင်း အဖွဲ့အစည်းဆိုတာမျိုး တည်ရှိခွင့် မပေးလေတော့၊ မြန်မာတွေညံ့လို့ မရှိခဲ့တာ မဟုတ်ဘူးဆိုတာ သဘောပေါက်ဖို့ လိုပါတယ်။ ပဒေသရာဇ်စနစ် အောက်ကနေ နယ်ချဲ့အရင်းရှင်စနစ်အောက် ရောက်ရှိသွားတဲ့ အခါမှာ အရင်းရှင်စနစ်ရဲ့ သဘာဝအလျောက် ဝိုင်အမ်ဘီအေလို သာသနာပြု အသင်းအဖွဲ့မျိုး၊ ဥရောပသား ကုန်သည်ကြီးများအသင်း၊ တရုတ်ကုန်သည် ကြီးများအသင်း၊ ကုလားကုန်သည်ကြီးများအသင်းတို့လို နယ်ချဲ့အုပ်ချုပ်ရေး စနစ်ကို အထောက်အကူပြုတဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းတည်ထောင်ခွင့် ပေးခဲ့ပေမယ့် အမျိုးသားရေး၊ တိုင်းရေးပြည်ရေး ဆောင်ရွက်မယ့် အသင်းအဖွဲ့မျိုးတော့ တည်ရှိခွင့် မပေးခဲ့ပါဘူး။

## မြန်မာတို့ရဲ့ ပထမအသင်းအဖွဲ့

အဲဒီလို အခြေအနေမှာ မြန်မာလူမျိုးများရဲ့ ပထမဆုံးလို့ ဆိုရမယ့် အသင်း အဖွဲ့ကြီးတစ်ခုကို မန္တလေးမြို့သူမြို့သားများက စတင်တည်ထောင် လိုက်ပါတယ်။ အဲဒီအသင်းကတော့ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ရန်အတွက်ဆိုပြီး ဖွဲ့စည်းတည်ထောင်လိုက်တဲ့ "မလွန်ဆန်လှူအသင်းကြီး" ဖြစ်ပါတယ်။ ၁၂၅၈ ခုနှစ်မှာ စတင်ထူထောင်တာပါ။ မလွန်ရပ်ကွက်မှာ ထူထောင်တာဖြစ်လို့ မလွန် ဆန်လှူသင်းလို့ နာမည်တွင်သွားတာဖြစ်တယ်။ ဆန်လှူသင်းနဲ့အတူ "ပရိယတ္တိ သာသနဟိတ" အသင်းကိုလည်း တည်ထောင်ပါတယ်။ မလွန်ဆန်လှူအသင်း ကြီး စတည်ထောင်စမှာ စစ်ကိုင်းတောင်ရိုးနဲ့ မင်းကွန်းက သံဃာတစ်ထောင်ကို ဆန်လေးပြည်စီပဲ လှူနိုင်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်က ထုတ်တဲ့ ဆရာမကြီး လူထု ဒေါ်အမာရဲ့ "ရတနာပုံ မန္တလေး၊ မန္တလေး ကျွန်မတို့ မန္တလေး" ဆိုတဲ့ စာအုပ်ထဲ မှာ "အခု အသင်းသက် နှစ်ပေါင်း ၉၀ ရှိတဲ့အခါမှာတော့ စစ်ကိုင်း၊ မင်းဝံနဲ့ မင်းကွန်းတောင်ရိုးက သံဃာ၊ သာမဏေ၊ သူတော်၊ သီလရှင် ၈၁၀၀ ကျော်ကို ဆန်နှစ်တင်းတစ်စိတ်နှုန်းနဲ့ လှူနိုင်တယ်။ စစ်ကိုင်းတွင်မက မန္တလေးစည်ပင်

mgyoe.com

mgyoe.com
SAMPLE BOOK


သာယာနယ်နိမိတ်အတွင်းက သံဃာ၊ သာမဏေ၊ သူတော်၊ သီလရှင်ပေါင်း ၁၇၄၀၀ ကျော်ကိုလည်း တစ်ပါး ဆန် ၄ ပြည်ကျ လှူဒါန်းနိုင်သေးတယ်။ ဂုဏ်ထူး ဘွဲ့ထူးရတဲ့ ပုဂ္ဂိုလ်တစ်ထောင်လောက်ကိုလည်း တစ်ဘွဲ့ ၁၅၀ ကျပ် လှူပြုသေးတယ်။ မူလဖွဲ့စည်းစဉ်က မလွန်ဈေး ဆန်လှူအသင်းကြီး တစ်သင်းတည်း ဖြစ်ခဲ့ပေမယ့် အခုမှာဆိုရင် တိုင်း(၇)တိုင်းနဲ့ ပြည်နယ် (၇)ပြည်နယ်မှာ သင်းခွဲပေါင်း ၂၃၀ ကျော်နေပါပြီ။ မြန်မာနိုင်ငံ တစ်နံတစ်လျားလုံးမှာပဲလို့ ဆိုနိုင်နေပါပြီ" လို့ ဆရာမကြီးက ရေးသားမှတ်တမ်းတင်ခဲ့ပါတယ်။

## ဗုဒ္ဓဘာသာကျောင်း

မလွန်ဆန်လှူအသင်းကြီး တည်ထောင်ပြီး တစ်နှစ်အကြာ ၁၂၅၉ ခုနှစ် (ခရစ်နှစ် ၁၈၉၇) မှာ၊ ခရစ်ယာန်သာသနာပြုကျောင်းတွေကို ရင်ဆိုင်ဖို့အတွက် "ဗုဒ္ဓဘာသာ၊ သာသနာ့နုဂ္ဂဟအထက်တန်းကျောင်းကြီး" ကို တည်ထောင်ဖွင့်လှစ်လိုက်ပါတယ်။ မြန်မာတို့ရဲ့ နိုင်ငံရေးစိတ်ဓာတ်ကို မျိုးစေ့ချပေးခဲ့တဲ့ "ဝိုင်အမ်ဘီအေ" ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းကြီးစတင်တည်ထောင်တာက မြန်မာ ၁၂၆၈ ခုနှစ် ဖြစ်လေတော့ ဘီတီအင်ကျောင်းကြီး တည်ထောင်ခဲ့တဲ့ "မန္တလေး ဗုဒ္ဓသာသနာပြုအသင်းကြီး" က ၉ နှစ်စောပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ ပထမဆုံးအသင်းအဖွဲ့ကြီးများကို မန္တလေးက စတင်တည်ထောင်ခဲ့တာလို့ ဆိုခဲ့တာဖြစ်တယ်။ ဘီတီအင်ကျောင်းကြီးဟာ ကျွန်တော်တို့ ခပ်ငယ်ငယ် လွတ်လပ်ရေးရပြီးစ ကာလအထိ လမ်း ၈၀ ပေါ်မှာ ရှိနေသေးတာမှတ်မိပါတယ်။ ဘယ်နှစ်လောက်ကျမှ ဘီတီအင်ကျောင်းဆိုတဲ့ ဆိုင်းဘုတ်ကြီး ပြုတ်သွားတယ်ဆိုတာတော့ သတိမထားမိတော့ပါဘူး။

## သိပ္ပံပညာရှင် မလွန်မင်းသားကြီး

ဘာသာ သာသနာရေးမှာသာမဟုတ် လောကီသိပ္ပံပညာရပ်ဘက်မှာလည်း နိုင်ငံတကာက အသိအမှတ်ပြုခံရတဲ့ ပုဂ္ဂိုလ်တစ်ဦး မန္တလေးကပဲ ပေါ်ထွန်းခဲ့ပါသေးတယ်။ အဲဒီပုဂ္ဂိုလ်ကတော့ ကုန်းဘောင်မင်းဆက်က ဗဒုံမင်းခေါ် ဘိုးတော်ဘုရားရဲ့သားငယ် နာမည်မောင်ဖြိုးလို့ခေါ်တဲ့မလွန်မင်းသားကြီး (မက္ခရာမင်းသားကြီးလို့လည်းခေါ်) ဖြစ်ပါတယ်။ မင်းသားကြီးက အင်္ဂလိပ်စာနဲ့ သိပ္ပံပညာကို ထဲထဲဝင်ဝင် အပတ်တကုတ် သင်ယူလေ့လာပြီး အင်္ဂလိပ်မြန်မာ အဘိဓာန်စာအုပ်တစ်အုပ်ကို ၁၈၃၃ ခုနှစ်ကတည်းက ပြုစုပြီးစီးခဲ့ပါတယ်။ အဲဒီ

mgyoe.com

mgyoe.com
SAMPLE BOOK


စာအုပ်ကို ၁၈၄၁ ခုနှစ်ကျမှ ကာလကတ္တားမှာ ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ အဘိဓာန်က ၁၀ လက်မ ၈ လက်မအရွယ် စာမျက်နှာ ၄၆၈ မျက်နှာရှိပါတယ်။

"မလွန်မင်းသားကြီး သိပ္ပံပညာကို လေ့လာလိုက်စားတာ ထိထိရောက်ရောက် ပေါက်ပေါက်မြောက်မြောက် ရှိလေတော့ ဟိုခေတ်က ထိတ်ထိတ်ကြဲ ပညာရှင်သုတေသီများသာ အသင်းဝင်အဖြစ် ပါဝင်ခွင့်ပြုတဲ့ ဘင်္ဂလားအာရှဆိုင်ရာ ဝိဇ္ဇာသိပ္ပံသုတေသနအသင်းကြီးက မလွန်မင်းသားကြီးကို ဂုဏ်ထူးဆောင်အသင်းသားအဖြစ် ရွေးချယ်တင်မြှောက်တာကိုလည်း ခံခဲ့ရပါတယ်။ ဒီအသင်းမှာ အသင်းသား ၃၀၀ လောက်နဲ့ ဂုဏ်ထူးဆောင်အသင်းသား ၃၀ လောက်ရှိပါတယ်။ ဂုဏ်ထူးဆောင်အသင်းသားတွေထဲမှာ ဥရောပတက္ကသိုလ်တွေက သိပ္ပံပညာရပ်ဆိုင်ရာ ပါမောက္ခတွေ အတော်များများပါဝင်ပါတယ်။ အဲဒီခေတ် အဲဒီအခါမျိုးမှာ မြန်မာတစ်ဦး ခေတ်ပေါ်သိပ္ပံပညာဆိုင်ရာလောကမှာ အထက်တန်းကလူရာဝင်တယ်ဆိုတာနည်းတဲ့ ဂုဏ်ယူစရာမဟုတ်ပါဘူး" လို့ ဆရာမကြီး လူထုဒေါ်အမာက သူ့စာအုပ်ထဲမှာ "လေးစားအပ်တဲ့ မလွန်မင်းသားကြီး" ဆိုတဲ့ စာတစ်ပုဒ် ရေးသားခဲ့ပါသေးတယ်။

ဖဆပလဆိုင်းဘုတ်

အမျိုးဘာသာ သာသနာအရေးသာ မကပါဘူး။ နိုင်ငံလွတ်လပ်ရေးကိစ္စမှာလည်း မန္တလေးဟာ အနယ်နယ်အရပ်ရပ်က ညီနောင်သားချင်းများနဲ့ အတူတွဲလက်ညီညီနဲ့ တိုက်စရာရှိတိုက်၊ ခွန့်စရာရှိ ခွန့် ဆိုသလို ရှေ့တန်းက အမြဲပါခဲ့တာချည်း ဖြစ်ပါတယ်။ နယ်ချဲ့ပုလိပ်များရဲ့ ပစ်ခတ်မှုနဲ့ အာဇာနည် ၁၇ ဦး ကျဆုံးခဲ့ရတဲ့ အဖြစ်ဟာ မန္တလေးရဲ့သမိုင်းကို သွေးနဲ့မော်ကွန်းထိုးထားခဲ့သလို ကျန်ရစ်နေစေခဲ့တာ ဖြစ်ပါယတ်။ မန္တလေး အိမ်တော်ရာ ဘုရားရင်ပြင်က ၁၄ ခန်း ဇရပ်ဆိုတာကလည်း ခေတ်အဆက်ဆက် မြန်မာနိုင်ငံသားများရဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်ရာ ဘူမိနတ်သန် ဖြစ်ခဲ့ပါတယ်။ ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးခါနီးဆဲဆဲကာလမှာ တော်လှန်ရေး တပ်ပေါင်းစုကြီးဖြစ်တဲ့ "ဖဆပလ" ဆိုင်းဘုတ်ကြီးကို မန္တလေးမြို့မှာ ကွယ်လွန်သူပါမောက္ခချုပ် ဦးကျော်ရင်နဲ့ လူထုဦးလှတို့က အရင်ဦးဆုံး တင်ခဲ့ကြတာ ဖြစ်ပါတယ်။ ရန်ကုန်က နောက်မှ တင်နိုင်တာပါ။ တိုင်းရေးပြည်ရေး နိုင်ငံ့အရေးမှန်သမျှမှာ မန္တလေးမြို့လူထုက အင်မတန်နိုးကြားတက်ကြွပါတယ်။ ဘယ်တော့မှ

mgyoe.com

mgyoe.com
SAMPLE BOOK


နောက်ချန်မနေရစ်ပါဘူး။ တော်တော်များများအရေးကိစ္စများဆို မန္တလေးက စတင်ဦးဆောင်ဦးရွက်ပြုခဲ့တာ ဒီခေတ်ထိအောင်ပါပဲ။ မန္တလေးက "ဗြဟ္မစိုရ်အသင်းကြီး" ဟာ ထင်ရှားတဲ့ နမူနာတစ်ခုဖြစ်ပါတယ်။ လွတ်လပ်ရေး ရခါစ အချိန်နဲ့စာရင် လက်ရှိတိုင်းပြည်ရဲ့ လူဦးရေက လေးငါးဆလောက် တိုးပွားလာတာ ဖြစ်လေတော့ မြို့ကြီး ပြကြီးတွေကို တိုးချဲ့ပြီးရင်း တိုးချဲ့လာကြရ ပါတယ်။ အဲဒီတော့ ရှေးကမြို့အစွန်အဖျားမှာရှိတဲ့ သုသာန်မြေတွေဟာ လူနေ ရပ်ကွက်တွေနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်လာကြတာကြောင့် သုသာန်တွေကို မြို့နဲ့ဝေးရာကို ရွှေ့ပြောင်းကြရပါတယ်။ အဲဒီအခါ အသုဘကုန်ကျစရိတ်များ လည်း ကြီးမြင့်သွားပါတော့တယ်။ ဒီစားရိတ်ဟာ မရှိဆင်းရဲသားများအတွက် တော်တော်ဝန်လေးဖိစီးပြီး မနိုင်ဝန်ကြီးလို ဖြစ်လာပါတယ်။ ဒီအခက်အခဲကို ကူညီဖို့အတွက် မန္တလေးမြို့မိမြို့ဖများကိုယ်တိုင် ငွေကြေးမတည် စိုက်ထုတ်ပြီး "ဗြဟ္မစိုရ်" ဆိုတဲ့ အမည်နဲ့ အခမဲ့နာရေးကူညီမှုအသင်းတစ်ခု ထူထောင်ကြပါတယ်။

## နာရေးကူညီမှုအသင်းတွေအစ ဗြဟ္မစိုရ်က

ဆွမ်းဒကာ ဆွမ်းဒကာမတွေဖြစ်တဲ့ မြို့သူ မြို့သားများရဲ့ နာရေးအခက် အခဲကို သိရှိတဲ့ ဆရာတော်ကြီးတစ်ပါးက ကရုဏာ ကြီးမားလှစွာနဲ့ သူ့ကျောင်း ဝိုင်းကြီးထဲမှာ နာရေးကူညီမှုအသင်းရဲ့ နိဗ္ဗာန်ယာဉ်တွေထားရှိဖို့ နေရာတစ်ခု သတ်မှတ်စွန့်ကြဲတော်မူပါတယ်။ နိဗ္ဗာန်ယာဉ်တစ်ခုနဲ့ စခဲ့တဲ့ ဗြဟ္မစိုရ်အသင်း လေးဟာ မြို့သူမြို့သားစေတနာရှင်များရဲ့ ဝိုင်းဝန်းကူညီမှုကြောင့် အခုဆိုရင် ဇရာမအသင်းကြီးတစ်ခု ဖြစ်နေပါပြီ။ နာရေးကူညီမှုသာမက ဆေးဖိုးဝါးခ မတတ်နိုင်ရှာကြတဲ့ ဝေဒနာရှင်များကိုလည်း နေ့စဉ်ဆေးဖိုးဝါးခ ခွဲဝေထောက်ပံ့ ပေးနိုင်တဲ့ အခြေအနေထိ ဖြစ်နေပါပြီ။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သိခဲ့ရ သလောက်ဆို . နေ့စဉ်ဆေးဖိုးထောက်ပံ့ငွေ ၂ သိန်းထိ သုံးစွဲနိုင်တယ်လို့ သိရပါတယ်။ မန္တလေးဗြဟ္မစိုရ်အသင်းကြီးကို အတုယူပြီး ရန်ကုန်ကလည်း နာရေးကူညီမှု အသင်းဆိုပြီး ထူထောင်ပါတယ်။ နောက်တော့ အမြို့မြို့အနယ် နယ်မှာ နာရေးကူညီမှုအသင်းတွေတစ်ခုပြီးတစ်ခု ထူထောင်ပြီး ကိုယ့်နယ်သူ နယ်သားများကို ကူညီစောင့်ရှောက်မှုပြုလာခဲ့ကြတာ အနယ်နယ်အရပ်ရပ်မှာ စုစု ပေါင်း လေးငါးခြောက်ဆယ်ထက်မနည်းရှိနေပြီလို့ ဝမ်းသာစရာသိရ၊ သာဓုခေါ်ရ ပါတယ်။ အဲဒါကြောင့် နာရေးကူညီမှုအသင်းများအစ မန္တလေးဗြဟ္မစိုရ်ကလို့

mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုမယ်ဆို ဆိုင်နိုင်ပါကြောင်း အကြွားနည်းနည်းသန်တဲ့ မန္တလေးသားပီပီ သတင်း စာမျက်နှာပြည့် ဂုဏ်ပြုကြော်ငြာကြီးများ ထည့်ပြီးကြော်ငြာဦးမယ့် အကြောင်း ကြော်ငြာမောင်းခတ်လိုက်ပါတယ်ခင်ဗျား။

■

mgyoe.com

mgyoe.com SAMPLE BOOK

## မန္တလေးရဲ့ဝိညာဉ် (၃)

**မက်ထရိုပိုလီတန်မန္တလေး**

အမျိုးဘာသာ သာသနာအရေး ဆောင်ရွက်ရာမှာ မန္တလေးက ရှေ့ဆောင်ရှေ့ရွက်ပြုခဲ့တာတွေအကြောင်း ရေးခဲ့ရာမှာ ရှားရှားပါးပါး သူတော်စင် စိတ်ထားနဲ့ မြန်မာအမျိုးသမီးကြီး တစ်ယောက်အကြောင်း ပြောဖို့ကျန်သွားပါတယ်။ သူကတော့ မြန်မာဗုဒ္ဓဘာသာတို့ရဲ့ ပထမဆုံးလူအိုရုံ (နောက်ခေတ်ကျမှ ဘိုးဘွားရိပ်သာလို့ ပြောင်းခေါ်တာပါ) ကို တည်ထောင်ခဲ့တဲ့ မန္တလေးသူကြီး "ဘွားဦးဖွန်း" ဖြစ်ပါတယ်။

**ပရဟိတချင်းမတူ**

ရှေးက မြန်မာနိုင်ငံမှာ စာသင်ကျောင်း၊ ဆေးရုံ၊ လူအိုရုံစတာတွေကို ခရစ်ယာန်သာသနာပြု ဘုန်းကြီးတွေနဲ့ သီလရှင်များကသာ တည်ထောင်လုပ်ကိုင်လေ့ရှိပါတယ်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးများက လုပ်လေ့မရှိပါဘူး။ မန္တလေးက ပိုးကုန်သည်သမီး ဒေါ်ဦးဖွန်းက သူ့ကိုယ်ပိုင် ပိုက်ဆံနဲ့ မင်းကွန်းဘက်မှာ ပထမဆုံး လူအိုရုံကို စတင်တည်ထောင်လိုက်ပါတယ်။ အဲဒီ အချိန်က သူ့အသက် (၄၆) နှစ်သာ ရှိပါသေးတယ်။ စီးပွားရေးလုပ်ငန်းကြီးတစ်ခုကို အောင်မြင်စွာ ဦးစီးလုပ်ကိုင်နေသူလည်း ဖြစ်ပါတယ်။ နောက်တော့ သူကိုယ်တိုင် သီလရှင်ဝတ်ပြီး လူအိုတွေကို ကိုယ်တိုင်ပြုစုစောင့်ရှောက်သွားခဲ့တာဖြစ်တယ်။ ခရစ်ယာန်သာသနာပြုတွေ ကျောင်းတွေ ဆေးရုံတွေဖွင့်တာ၊ အခုခေတ် ပရဟိတ လုပ်ကြတဲ့ နိုင်ငံတကာအဖွဲ့အစည်း (INGO) တွေ လုပ်ကြပုံနဲ့ ဘွားဦးဖွန်း

mgyoe.com

mgyoe.com SAMPLE BOOK


လုပ်ပုံက အများကြီးခြားနားပါတယ်။ ခုခေတ်နိုင်ငံတကာ အဖွဲ့အစည်းတွေ လုပ်ကြတာက သူများဆီက အလှူခံပြီး "အလှူလက်ဖက်နဲ့ လက်ဆောင်တက်" ဆိုသလို လုပ်ကြတာပါ။ ရတဲ့အလှူငွေနဲ့ပဲ လူတွေအလုပ်ခန့်၊ ပြီးတော့ တစ်နေရာက တစ်နေရာသွားရင် လေယာဉ်ပထမတန်းကစီး၊ ကြယ်ငါးပွင့်ဟိုတယ်ကြီးတွေမှာ တည်းပြီး ဖိမ်လုပ်ကြ၊ ကိုယ့်တိုင်းပြည်မှာနေတုန်းက တိုက်ခန်းကျဉ်းမှာနေ၊ ဘတ်စ်ကား မီးရထားတိုးစီးနေခဲ့ကြပေမယ့် ပရဟိတလုပ်ဖို့ နိုင်ငံတစ်ခုကို သွားရပြီဆိုရင်တော့ အဲဒီနိုင်ငံရဲ့ အကောင်းဆုံး ခြံကြီးဝင်းကြီး အိမ်ကြီးတွေမှာ နေ၊ အကောင်းဆုံးကားကိုစီး၊ ထမင်းချက်နဲ့ နာနီနဲ့မာလီနဲ့ ဒရိုက်ဘာနဲ့ ဒရဝမ်နဲ့ သန်းကြွယ်သူဌေးကြီးတွေလို နေကြတာလေ။ တချို့တော်တော်ကို သိက္ခာမဲ့တဲ့ အဖွဲ့အစည်းများဆိုရင်၊ ချောင်းသာလို ငွေဆောင်လို ပင်လယ်ကမ်းခြေတွေကို ဝန်ထမ်းတွေ ကိုးဆယ် တစ်ရာနဲ့ ပျော်ပွဲစားသွားကြသေးတယ်။ ဒေါ်လာသောင်းချီ ကုန်တာပေါ့။ အဖွဲ့အစည်းငွေကို သုံးလို့ရအောင် နာမည်တပ်ထားတာကတော့ ဝပ်ရှော့ (Workshop) တဲ့၊ တချို့ကျတော့ ဟန်တောင်မဆောင်တော့ဘူး၊ ပြောင်ပြောင်ပဲ (Retreat) အပန်းဖြေခရီးတဲ့။ အနားယူအပန်းဖြေ (Rest & recreation) "R & R" တဲ့လေ။ ဒီလိုနဲ့ပဲရတဲ့အလှူငွေရဲ့ ခြောက်ဆယ်ရာနှုန်း ခုနစ်ဆယ်ရာနှုန်းလောက်ဟာ ရုံးစရိတ် ဝန်ထမ်းစရိတ်တွေနဲ့ပဲ ကုန်သွားပြီး၊ သူတို့ကူညီတယ်ဆိုတဲ့ ဒုက္ခသည်တွေလက်ထဲ တကယ်ရောက်တာကတော့ ရာနှုန်းသုံးလေးဆယ်လောက်ပဲ ရှိမယ်ထင်ပါရဲ့။

### မန္တလေးရဲ့ကျက်သရေဆောင်

ဘွားဦးဇွန်းကတော့ သူတို့လို မဟုတ်ပါဘူး။ သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေ၊ ဆိုင်တွေ၊ အိမ်တွေ အကုန်လုံး ထုခွဲရောင်းချပြီးကိုလှူခဲ့ ထူထောင်ခဲ့ရုံမက၊ သူကိုယ်တိုင် သီလရှင်ဝတ်နဲ့နေပြီး သေတပန်သက်ဆုံး လူအိုတွေကို ပြုစုစောင့်ရှောက်သွားတာ။ သူသေတော့လည်း သူဆောက်ခဲ့တဲ့ လူအိုရုံမှာပဲ ခေါင်းချသွားခဲ့တာ။ ဒါကြောင့် ဘွားဦးဇွန်းဟာ မန္တလေးမြို့ရဲ့ ကျက်သရေဆောင် အမျိုးသမီးကြီးဖြစ်ကြောင်း ဂုဏ်ယူတင်ပြလိုက်ပါတယ်။

ဘွားဦးဇွန်းလိုပဲ မန္တလေးအတွက် အထူးဂုဏ်ဆောင်ခဲ့သူ တစ်ဦးကတော့ ဆိုင်းဆရာကြီး စိန်ဗေဒါပါ။ ဆိုင်းဆရာတွေရဲ့ နာမည်ရှေ့မှာ "စိန်" တပ်တဲ့ အလေ့ ထွန်းကားလာတာ စိန်ဗေဒါကြီးကြောင့်ပါပဲ။ စိန်လှမောင်၊ စိန်ကျော်တင့်၊

mgyoe.com

mgyoe.com SAMPLE BOOK

စိန်မောင်ကို၊ စိန်ချစ်တီးတို့ကနေ စိန်စတင်းအထိပေါ့လေ။ နောက်ပြီး အခုချိန်ထိ ဆိုင်းဆရာကို "ရွာစား"လို့ ခေါ်ကြတာဟာလည်း စိန်ဗေဒါကြောင့်လို့ပဲ ယူဆပါတယ်။ ရှေးမြန်မာဘုရင်များလက်ထက်က စာဆိုတော်များ၊ သဘင်သည်များကို ရွာစားအရာချီးမြှောက်ခဲ့တာများရှိပေမယ့် လူထုကြားထဲကို ရောက်လာတာကတော့ စိန်ဗေဒါတို့လက်ထက်လောက်ကျမှလို့ ထင်ပါတယ်။ မြန်မာဘုရင်များ ပါတော်မူသွားတဲ့ အခါကျတော့ ရှေးကနန်းတော်ထဲမှာသာ ဖျော်ဖြေခဲ့ကြတဲ့ သဘင်ပညာရှင်တွေဟာ မြို့ထဲရွာထဲက လူတွေကြား ရောက်လာကြပြီး အချင်းချင်း စုဖွဲ့လုပ်ကိုင်စားသောက်ကြရတယ်။ ဒီလိုနဲ့ ဇာတ်တွေ ရုပ်သေးတွေ အငြိမ့်တွေ ထွန်းထွန်းကားကား ဖြစ်လာကြတယ်။ ဘယ်လောက်ထိများ ထွန်းကားသလဲဆို မန္တလေးကို "သဘင်တက္ကသိုလ်" လို့တောင် သုံးနှုန်းခေါ်ဝေါ်ခဲ့ကြတယ်။ အနယ်နယ်အရပ်ရပ်က သဘင်သည် မှန်သမျှ မန္တလေးမှာ နှစ်နှစ်တန်သည် သုံးနှစ်တန်သည် လာရောက်နေထိုင် အလုပ်လုပ်ကိုင်ရင်း ပညာမဆည်းပူးရသေးရင် သဘင်ပညာစုံပြီလို့တောင် မသတ်မှတ်ကြပါဘူး။

## ကြုံလို့ကြွားတာ

ကြုံတုန်းဆက်ကြွားလိုက်ချင်တာကတော့ သဘင်ပညာမှ မဟုတ်ပါဘူး။ ရှေးက ရဟန်းသံဃာယ်များလည်း မန္တလေးမှာ စာဝါလိုက်ဖူးမှတန်းကုန်ပြီး သင်ရိုးကျွတ်တယ်လို့ ယူဆကြတာဖြစ်ပါတယ်။ မန္တလေးစာသင်တိုက်ကြီးတွေဆိုတာက စာသင်သားတွေ ထောင်နဲ့ချီပြီး ရှိတာဖြစ်လေတော့ ကျောင်းတိုက်ကြီးတွေဆိုတာကလည်း ဧရာမ ကျောင်းတိုက်ကြီးတွေပါ။ ရှေးအခါက ရန်ကုန်မှာ စာသင်တိုက်တွေ ကြီးကြီးမားမား ရှိပုံမရပါဘူး။ ရဟန်းသံဃာယ်တွေ စာဝါလိုက်ရင် ပခုက္ကူနဲ့ မန္တလေးကို အဓိကထားပြီး သွားကြရပါတယ်။ ဒီလိုနဲ့ပဲ ရှေးခေတ် မန္တလေးဟာ ထေရဝါဒဗုဒ္ဓသာသနာရဲ့ ဗဟိုချက်မ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာမှန်သမျှရဲ့ ပင်မရေစီးအဖြစ် တည်ရှိနေခဲ့ပြီး လွတ်လပ်ရေးရပြီး နောက်ပိုင်းခေတ် တော်တော်ကြာကြာအထိကို မြန်မာစကားနဲ့ မြန်မာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ နောက်ဆုံး ခံတပ်ကြီး (The last bastion of Myanmar language and culture) အဖြစ် တည်ရှိနေခဲ့တာဖြစ်ပါတယ်။ မန္တလေးသား မှန်သမျှ ဒီအချက်တွေကို ဂုဏ်ယူခဲ့ကြတာပါ။ ဝင့်ကြွားခဲ့ကြတာပါ။ ဒါကြောင့်လည်း မန္တလေးသားတွေ ဒေသစွဲ သိပ်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK



တယ်လို့ ရန်ကုန်သားတွေက မျက်စောင်းထိုးခဲ့ကြတာပေါ့။

ဘာလွမ်းစရာရှိလို့လဲ

မန္တလေးကို သိပ်တွယ်တာ၊ သိပ်စွဲလန်းပေမယ့် နှစ်ပေါင်းသုံးဆယ်နီးပါး မန္တလေးနဲ့ကင်းကွာနေခဲ့ဖူးပါသေးတယ်။ မျှော်လင့်မထားတဲ့ ခရီးရှည်ကြီးတွေ ထွက်ရတာရယ်၊ ခရီးထွက်ရင်း လေဖြတ်လို့ အိပ်ရာက မထနိုင်တဲ့ ဒုက္ခိတအဖြစ် ရောက်ရတာရယ်ကြောင့်ပါ။ ဒါပေမယ့် လူသာ မရောက်တာ စိတ်ကတော့ မန္တလေးမှာချည်းပါပဲ။ အထူးသဖြင့် သင်္ကြန်ကာလနဲ့ တန်ဆောင်တိုင်ပွဲတော်ချိန် ဆိုရင် နေမထိ ထိုင်မသာ ဖြစ်အောင်ကို မန္တလေးကို တမ်းတမိတာပါ။

'အဖေကလဲ ပွကပွ ခြင်က ကိုက်နဲ့ ဘာတွေများ ဒါလောက်လွမ်းနေ တာလဲ"

တောင်ကြီးသား တောင်ကြီးသူဖြစ်ကြတဲ့ သားတို့ သမီးတို့ကတောင် အံ့သြစကားဆိုကြတယ်။ ဟုတ်တာပေါ့လေ။ သူတို့အတွက်ကတော့ ဘာလွမ်း စရာရှိမှာလဲ။ မန္တလေးဆိုတာ "ရတနာဖုန်ထူ၊ နေပူ၊ ခြင်ကိုက်၊ အလွန်အိုက် ဗွက်ပေါ" မျှသာပဲပေါ့။ သူတို့တတွေက မန္တလေးကို ဧည့်သည်လိုသာ သွားဖူး လာဖူးကြတာကိုး။ ဆွေမျိုးရင်းချာတွေ ရှိနေသေးပေမယ့်လည်း အနေဝေးတော့ စိမ်းနေကြပြီလေ။ သူတို့ကို အပြစ်မမြင်တော့ပါဘူး။ "ခင်ရာဆွေမျိုး၊ မြိန်ရာ ဟင်းကောင်း" ဆိုတဲ့ စကားအရှိသားပဲ။

သူတို့တတွေကို မဆိုထားနဲ့ နှစ်ပေါင်းသုံးဆယ်နီးပါး မန္တလေးကို လွမ်းလွမ်းဆွတ်ဆွတ်၊ တမ်းတမ်းတတ နေလာခဲ့သူတောင် တကယ်တမ်း မန္တလေးကို ပြန်ရောက်သွားတဲ့အခါကျတော့ ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင်ဖြစ် ပြီး ယူကြုံးမရစိတ်တွေပဲ လွှမ်းမိုးလာခဲ့ရတော့တယ်။ ဖိုးကျားဝင်းက စလိုက်တဲ့ မြို့လယ်မီးကြီးလောင်အပြီး မန္တလေးက လုံးဝကြီးကို ပြောင်းလဲသွားပြီ။ အရင်က မန္တလေး မဟုတ်တော့ဘူး။ လွမ်းခဲ့ရ တမ်းတခဲ့ရ စွဲလန်းခဲ့ရတဲ့ မန္တလေး လုံးလုံး ကို မဟုတ်တော့ဘူး။ အရင်က သုံးထပ်ရှိတဲ့ တိုက်ဆိုလို့ လက်တစ်ဖက်နဲ့ ရေတွက်ရရုံလောက်ရှိခဲ့ရာက အခုဆို အထပ်မြင့်တိုက်ကြီးတွေမှ ဟီးလို့။ အလယ်ပေါက်က မြီးရှည်စားချင်လို့ ဈေးချိုဖက်သွားတော့ ဘယ်မှာရှိတော့လို့လဲ။ ဈေးချိုတော်ကြီးကလည်း အသစ်။ မြို့ကြီးတစ်မြို့လုံး အသစ်။ လူတွေအားလုံး အသစ်။ စကားတွေက အသစ်၊ စားစရာတွေက အသစ်။ မုန့်တီဆိုင်၊ မြီးရှည်ဆိုင်

mgyoe.com

mgyoe.com
SAMPLE BOOK


တော်တော်ရှားသွားပြီ။ အဲဒီအစား ကြေးအိုးဆိုင်တွေနဲ့ အကင်ဆိုင်တွေချည်း နေရာတိုင်းမှ တွေ့နေရတယ်။ မြို့သစ်တဲ့။ ရန်ကုန်မြို့သစ်ဆိုတာတွေနဲ့ ဘာမှ မဆိုင်ဘူး။ အုတ်တံတိုင်းမြင့်မြင့်ကြီးတွေနဲ့ တိုက်ကြီးတွေဆိုတာများ ရဲတိုက်ကြီး တွေကျနေတာပဲ။ မန္တလေးဆိုတာ ခုတော့ တကယ်ကို မက်ထရိုပိုလီတန် မြို့တော်ကြီး ဖြစ်နေပါပြီ။ နို၀င်ဘာ ကထိန်ရာသီ မန္တလေးရောက်တော့ ကျောင်းသားဘ၀တုန်းကလို ပွဲဈေးတန်းသွားပြီး "ချွေတာရေးမုန့်ပြစ်သလက်" (ရေမုန့်)နဲ့ ဘူးသီးကြော်၊ မတ်ပဲဘယာကြော်လုံးလေးတွေ စားချင်တာနဲ့ ကားတစ်စင်းနဲ့ ပွဲလိုက်ရှာကြတာ အမှတ်ရမိသေးတော့တယ်။ အဝေးရောက် မန္တလေးသားတွေကြားရင် ယုံမှာမဟုတ်ဘူး။ တမင်သက်သက် မန္တလေးသိက္ခာ ကျအောင် ပြောတဲ့သစ္စာဖောက်ပဲလို့ ဆိုကြလိမ့်မယ်။ တန်ဆောင်တိုင် ကထိန်လ မန္တလေးမှာ ပွဲရှာလို့ မတွေ့ခဲ့ရပါဘူး။ အမေမြို့ရဲ့ မန္တလေး၊ လေဘာတီရဲ့မန္တလေး၊ လှကလေးစိန်နဲ့ ရွှေမန်းရီရီတို့ရဲ့မန္တလေး၊ သဘင်တက္ကသိုလ်ဆိုတဲ့ မန္တလေးမှာ ဒီလိုဒီလို တန်ဆောင်တိုင် ကထိန်ရာသီညမှာ အငြိမ့်ပွဲ၊ ဇာတ်ပွဲ၊ ရုပ်သေးပွဲ တစ်ပွဲမှ ရှာမတွေ့ခဲ့ရဘူးတဲ့လေ။ မန္တလေးရဲ့ဝိညာဉ် ပျောက်ဆုံးသွားသလို ရင်ထဲမှာခံစား လိုက်ရပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## မန္တလေးရဲ့ ဝိညာဉ် (၄)

**အားနာပါးနာ  မန္တလေး**

မြို့သစ်၊ လူသစ်၊ ယဉ်ကျေးမှုသစ်တွေနဲ့ သစ်ချင်တိုင်း သစ်နေတဲ့ မက်ထရို ပိုလီတန်မန္တလေးသစ်။ အဟောင်းမန္တလေးရဲ့ နောက်ဆုံးပြယုဂ်ဆိုလို့ လွန်ခဲ့တဲ့ နှစ်နှစ်ကထိ အမေလူထုဒေါ်အမာတစ်ယောက်ရှိနေသေးလေတော့ မန္တလေးနဲ့ စိမ်းသွားတယ်လို့ မခံစားရသေးဘူး။ ဆရာကြီးရွှေဥဒေါင်းအကြောင်းတို့ ဆရာကြီး ရွှေပြည်ဦးဘတင် အကြောင်းတို့ ဆရာကြီး ဦးကိုလေးတို့ မမအုန်းတို့ ဆရာဦးဆန်းထွန်းနဲ့ ဆရာဦးမောင်မောင်တင်အကြောင်းတို့ အချိန်အခါမရွေး မေးလို့ပြောလို့ရသေးတယ်။ ဒါမှမဟုတ် မေမြို့(ပြင်ဦးလွင်)မှာနေတဲ့ တတိယ သမီးတော်အကြောင်းနဲ့ မန္တလေးမှာနေတဲ့ ပျဉ်းမနားကိုယ်တော်ကြီးနဲ့ ကြင်ယာတော် ထရံကာထိပ်ခေါင်တင် မင်းသမီးကြီးအကြောင်း ပြောမလား၊ ပြောလို့ရသေးတယ်။

**တစိမ်းပြင်ပြင်မန္တလေး**

တစ်ခါတလေကျတော့လည်း ဒေါ်ဒေါ်က လူချင်းရင်းနှီးတဲ့ အိမ်နီးချင်း ရွှေမန်းတင်မောင်အကြောင်း၊ ဆရာငြိမ်းအကြောင်း၊ ဦးလေးရော ဒေါ်ဒေါ်ပါ အင်မတန်ခင်တဲ့ ကျားဘငြိမ်းအကြောင်း စတာတွေကို လွမ်းတသသနဲ့ ပြန်ပြောပြ တတ်တယ်။ အခု ဒေါ်ဒေါ်မရှိတာ နှစ်နှစ်ပဲ ရှိသေးတယ်။ မန္တလေးနဲ့ တစိမ်းပြင်ပြင် ကြီး ဖြစ်သွားသလို စိတ်ထဲမှာ ခံစားနေရတယ်။ ငယ်ပေါင်းဆိုလို့ တံတားဦးက ဦးကိုလေးတစ်ယောက်ပဲ ရှိတော့တယ်။ ကျန်သူတွေက ဆုံးသူဆုံး၊ ရန်ကုန် ရောက်သူရောက်၊ တခြား ရေကြည်ရာ မြက်နုရာ သွားလိုသွားနဲ့ တကွဲတပြား

mgyoe.com

mgyoe.com SAMPLE BOOK



ဖြစ်ကုန်ကြပြီ။ နောက်မျိုးဆက်တွေလည်း ခင်မင်နှစ်လိုဖွယ် ကောင်းကြပါတယ်။ မန္တလေးရောက်တိုင်း ပြာပြာသလဲဂရုစိုက်ရှာကြပါတယ်။ ဒါပေမယ့် ဘာသာစကားချင်းကျတော့ မတူကြတော့ဘူး။ စကားပြောရတာ စီးစီးပိုင်ပိုင် မရှိတော့ဘူး။ လူတွေနဲ့သာမဟုတ်ဘူး။ စာတွေဖတ်ရတာလည်း စီးစီးပိုင်ပိုင် မရှိတော့ဘူး။ မန္တလေးကို အင်မတန်ချစ်ပြီး အင်မတန်စွဲလန်းတဲ့၊ သရက်သီးတောင် မန္တလေး အောင်ဒင်သရက်သီးကိုမှ သရက်သီးထင်တဲ့၊ မန္တလေးစွဲသိပ်ကြီးသူဟာ အခုတော့ မန္တလေး စာရေးဆရာတွေရေးတဲ့ စာတွေကို လုံးလုံးမဖတ်တော့ဘူး။ "မန္တလေးစကား၊ ရန်ကုန်အကြွား" လို့ ရှေးကဆိုခဲ့ကြတာဟာ မန္တလေးသူ မန္တလေးသား စကားအပြောအဆို ညက်တာယဉ်ကျေးတာကို တင်စားဆိုခဲ့ကြ တာ ဖြစ်တယ်။ ခုခေတ် မန္တလေး စာရေးဆရာတွေရဲ့ စာတွေက "ရှည်လျား၊ ထွေပြား၊ မနေမနား၊ တသွားထဲသွားကြတာ" ဆိုတဲ့ ဘဝသံသရာ သီချင်းလိုပဲ ရှည်လျား ပေများလိုက်ကြတာ လွန်ပါရော။ ရှည်လျားပေများတာကို မနည်းကြီး သည်းခံဖတ်ပြီး သွားတော့လည်း ဘာမှ ကျန်ရစ်တာမရှိဘူး။ စကားကြွယ်တာ၊ စာရေးကောင်းတာ ပြစားနေကြတာများတယ်။ စာဖတ်ပရိသတ်ကို ပြောစရာ၊ ပေးစရာ ဘာမှ ရှိကြတာမဟုတ်ဘူး။

**အတတ်ကျူးတော့ ဘီလူးဖြစ်**

အားတော့နာတယ်။ ဒါပေမယ့် "ဆန်ရင်းနာနာဖွတ်" ဆိုသလို လူရင်းတွေမို့ ပြောပါရစေတော့။ ဒီနေ့မန္တလေးစာရေးဆရာအများစုဟာ "အတတ်ကျူးတော့ ဘီလူးဖြစ်" ဆိုသလို ဖြစ်နေကြတော့တယ်။ အတတ်ပညာ လေးကင်းပြတာနဲ့ပဲ ပြီးသွားကြတယ်။ တကယ်လေးပစ်ဖို့တော့ စိတ်မကူးကြဘူး။ နောက်ပြီးတော့ ရှေးခေတ် မန္တလေးစာပေလောကဆိုတာက စုစည်းညီညွတ်မှု အင်မတန်အား ကောင်းတာ။ ဒီတော့ အလုပ်တွေအများကြီး လုပ်နိုင်ကြတယ်။ နှစ်စဉ် စာတမ်း ဖတ်ပွဲတွေ မှန်မှန်လုပ်ပြီး စာအုပ်တွေအများကြီး ထုတ်ခဲ့ကြတယ်။ ခုအခါ မြန်မာ ပြည်အနှံ့ စာပေဟောပြောပွဲတွေ တစ်နှစ်ပတ်လုံး ကျင်းပနေကြတာ မန္တလေးက ဦးလေးလှတို့ စတင်ဆော်ဩခဲ့ကြလို့ဖြစ်တယ်။ ရှေးကနတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့မှာပဲ အမြို့မြို့အနယ်နယ်မှာ စာပေဟောပြောပွဲတွေ လုပ်လေ့ရှိ တယ်။ အဲဒီတော့ စာရေးဆရာများဟာ ဖိတ်တဲ့နေရာတိုင်း မသွားနိုင်ကြဘူး။ ဒီတော့ ဦးလေးလှတို့ကစပြီး စာဆိုတော်နေ့ တစ်ရက်တည်းမလုပ်ကြပါနဲ့။

mgyoe.com

mgyoe.com SAMPLE BOOK


နတ်တော်လတစ်လလုံး "စာဆိုတော်လ" လို့ သတ်မှတ်ပြီး လုပ်ကြပါ။ ဖိတ်တဲ့နေရာတိုင်းကို ကျွန်တော်တို့ လာပါမယ်ဆိုပြီး လှုံ့ဆော်ခဲ့တယ်။ လှုံ့ဆော်တဲ့အတိုင်းလည်း ဦးလေးလှတို့က အရောက်သွားခဲ့တယ်။ အဲဒီက စလိုက်တာခုဆို တစ်နှစ်ပတ်လုံး အနယ်နယ်အရပ်ရပ်မှာ စာပေဟောပြောပွဲတွေ လုပ်နေကြတာ ဝမ်းသာစရာကောင်းလှပါတယ်။

**ခေတ်ရှေ့ပြေး မန္တလေး**

မန္တလေးမှာက ရန်ကုန်လို စာပေအဖွဲ့တွေ ကွဲနေတာမျိုးလည်း မရှိခဲ့ပါဘူး။ "အထက်ဗမာနိုင်ငံစာရေးဆရာအသင်း" (အဲဒီခေတ်ကရေးတဲ့ အတိုင်းဖော်ပြတာပါ) တစ်သင်းတည်းမှာပဲ အရောင်အသွေး မတူပေမယ့် စာရေးဆရာအားလုံး ပေါင်းစည်းကြပါတယ်။ ဒါကြောင့်လည်း အလုပ်တွေ အများကြီး လုပ်နိုင်ခဲ့ကြတာပါ။ မန္တလေးစာပေလောကရဲ့ ညီညွတ်ပေါင်းစည်းမှုနဲ့ အလုပ်လုပ်နိုင်မှုကို ရန်ကုန်စာပေလောကသားအားလုံးက လေးစားအသိအမှတ် ပြုကြပါတယ်။ ဒီနေ့ပြောနေကြတဲ့ ကာရန်မဲ့ကဗျာတို့ ခေတ်ပေါ်ကဗျာတို့ဆိုတာတွေနဲ့ ပတ်သက်ပြီးလည်း မန္တလေးကဗျာဆရာတွေက ၁၉၆၀ ခုနှစ်လောက်ဆီကစပြီး ရေးကြသားကြရုံသာမက စာတမ်းတွေလည်း အများကြီးရေးပြီး ဖတ်ကြားနိုင်ခဲ့ကြပါတယ်။ တစ်ချိန်က စာပေလောကမှာ ဂယက်အကြီးအကျယ်ထခဲ့ကြတဲ့ မောင်သိင်္ဂါ (မောင်သာနိုး) ရဲ့ "ငါ့ပြည်သူ" ဆိုတဲ့ ကဗျာကိုပဲ ကြည့်ပါ။

ဤအကလေး၊
ဆင်းသွေးနုဖတ်
အဝတ်
မြင်ဘွယ်မကောင်း။
ကျောင်း
မသွားနိုင်
ဝမ်းစာ
ကိုယ်တိုင်ကျောင်းနေရရှာ၏။

ဒီကဗျာပါတဲ့ "ပညာမြေခေတ်ကဗျာ" ဆိုတဲ့ စာအုပ် ၁၉၆၃ ခု စာဆိုတော်နေ့မှာ ထွက်လာတော့ "ဒါကဗျာလား" ဆိုတဲ့ အသံတွေ ပွက်ပွက်ညံသွားခဲ့ပါတယ်။ ခုအချိန်မှာ စာရေးသူ အများကြီးရေးသားနေကြတဲ့ "ပြောစကား"

mgyoe.com

mgyoe.com SAMPLE BOOK


အရေးအသားပုံစံလည်း မန္တလေးကပဲ လှုပ်ရှားမှုကြီးတစ်ခုအဖြစ် စတင်လှုံ့ဆော်ခဲ့တာပါ။ အဲဒီတုန်းကလည်း အကြီးအကျယ် ဂယက်ထခဲ့တာပါပဲ။ ဒါပေမယ့် ခုတော့ "ပြောဟန်"နဲ့ ရေးရေး၊ "ရေးဟန်"နဲ့ ရေးရေး ဘာမှ ပြောမနေကြတော့ပါဘူး။ စာဖတ်ပရိသတ်ကလည်း လက်ခံဖတ်ရှုနေကြပါပြီ။

**ပေမိထောက်မိ မန္တလေး**

ခေတ်အဆက်ဆက်မှာ အဲဒီလိုရှေ့က ဦးဆောင်ခဲ့တဲ့ မန္တလေးစာပေလောကဟာ "ဝသုန္ဒရေလက်ရေး" ဝတ္ထုတိုများခေတ်လောက်အထိ စည်းစည်းလုံးလုံး ရှိကြသေးတယ်။ စည်းလုံးတော့ အလုပ်တွေလည်း အများကြီး လုပ်နိုင်ကြတယ်။ ရေးကြတဲ့ စာတွေကလည်း "ဝတ္ထုတိုရွှေခေတ်"လို့ ခေါ်ရလောက်တဲ့ထိကို ပေမိထောက်မိ ရှိခဲ့ကြတာ။ ပြီးတော့ လေးကိုင်ပြီး ဟန်ရေးပန်ရေးပြနေရုံမဟုတ်ဘူး။ လေးကို တကယ်ပစ်ကြတာ။ ပစ်ရမယ့်ပစ်မှတ်ကိုလည်း ထင်ထင်ရှားရှား ပြတ်ပြတ်သားသား သိကြတယ်။ ခုခေတ်ကတော့ ဦးတည်ချက်ပျောက်ဆုံးနေတဲ့ စာတွေပဲ တွေ့နေရတယ်။ ဦးတည်ချက်ပျောက်တော့ စာတွေဟာ အသက်ဝိဉာဉ်ကင်းမဲ့သလို ဖြစ်သွားတယ်။ ခေါင်းထဲလည်း မရောက်ဘူး။ ရင်ထဲလည်း မရောက်ဘူး။ မျက်စိထဲရောက်ပြီး ပျောက်သွားတာပဲ။ ခုမန္တလေး နှစ် ၁၅၀ ပြည့်ပွဲတော်ကြီးဆိုပြီး လှုပ်လှုပ်ရှားရှားတော့ လုပ်နေကြတာ တွေ့ရပါရဲ့။ ဒါပေမယ့် ဖျော်ဖြေရေးလောက်ပဲ လုံးပမ်းနေကြသလား ထင်မိတယ်။ နှစ်တစ်ရာ့ငါးဆယ် မန္တလေးသမိုင်းမှာ အထင်ကရမှတ်တိုင်ကြီးတွေ စိုက်ထူခဲ့ကြတဲ့ အမျိုးဘာသာ၊ သာသနာ့တန်ဆောင် ဆရာတော်ကြီးတွေ၊ မျိုးချစ်အာဇာနည်ပုဂ္ဂိုလ်ကြီးတွေ၊ မန္တလေးရဲ့ကျက်သရေဆောင် မြို့မိမြို့ဖ ပုဂ္ဂိုလ်ကြီးတွေ၊ "သဘင်တက္ကသိုလ်" လို့ ခေါ်စမှတ်ပြုရလောက်အောင် ယဉ်ကျေးမှုအနုပညာ နယ်ပယ်မှာ လျှမ်းလျှမ်းတောက် လုပ်ဆောင်နိုင်ခဲ့ကြတဲ့ သဘင်ပညာရှင်ကြီးတွေ၊ ဂီတပညာရှင်ကြီးတွေ၊ စာပေပညာရှင်ကြီးတွေ စတဲ့စတဲ့၊ မန္တလေးရဲ့ဂုဏ်ထူးဆောင် ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်းတွေ၊ သူတို့လုပ်ခဲ့တာတွေကို ရှာဖွေစုဆောင်းပြီး စာတမ်းတွေ ဖတ်ကြားတာ၊ စာအုပ်စာတမ်းတွေ ထုတ်ဝေကာ၊ ရုပ်သံမှတ်တမ်းတင်တာတွေ လုပ်ကြတာမျိုးတွေတော့ မတွေ့မိဘူး။ မန္တလေးရဲ့ ယဉ်ကျေးမှုသမိုင်း၊ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီးရဲ့ "လက်ထက်တော်ကြီး" သမိုင်း၊ သီပေါမင်းတရားရဲ့ "လက်ထက်တော်လေး" သမိုင်း၊ သားတော်သမီးတော် ဆွေတော်

mgyoe.com

mgyoe.com SAMPLE BOOK

မျိုးတော်များရဲ့ သမိုင်း စတဲ့စတဲ့ သမိုင်းကြောင်းဆိုင်ရာ ကိစ္စများမှာ ကျွန်တော်တို့ မန္တလေးသားတွေထဲက ဘယ်သူများ ထားဝယ်သား စာရေးဆရာ "မောင်သန်းဆွေ(ထားဝယ်)" လောက် တာဝန်ကျေခဲ့ကြသလဲ။ ရှက်စရာတောင် ကောင်းလှတယ်။

## ကဗျာမှာရှိတဲ့ မန္တလေးဝိညာဉ်

ခုခေတ်မန္တလေးစာရေးဆရာတွေရဲ့ စာတွေကို မဖတ်တော့လို့ဆိုခဲ့ပေမယ့် ကဗျာတွေတော့ ဖတ်ဖြစ်တယ်။ ကဗျာဆရာလူငယ်တွေက တော်ကြတယ်။ အတွေးအခေါ်စူးရှထက်မြက်သလို တင်ပြပုံတင်ပြနည်းတွေကလည်း ဆန်းသစ်လာကြတယ်။ သူတို့က လေးကင်းပြရုံသက်သက်မဟုတ်ဘူး။ ပစ်မှတ်ကို ထိအောင် သေသေချာချာ ချိန်ပစ်ကြတာ။ ဝတ္ထုရေးဆရာတွေလို ဦးတည်ချက် ပျောက်နေကြတာ မဟုတ်လေတော့ သူတို့ကဗျာတွေ ဖတ်ရတာ စီးစီးပိုင်ပိုင်ရှိတယ်။ ဒီနေ့ လူငယ်တွေရဲ့ ကဗျာတွေကို ဖတ်မှပဲ မန္တလေးမှာ ဝိညာဉ်မပျောက်ဆုံးသေးတာကို တွေ့ရလို့ စိတ်သက်သာရသေးတယ်။ နို့မို့ဖြင့် တော်တော် စိတ်မကောင်း ဖြစ်နေရတာ။ မန္တလေးစာရေးဆရာအများစုကတော့ ဦးတည်ရာမဲ့နေရုံတင်မဟုတ်ဘူး။ ရပ်တည်ရာမဲ့လည်း ဖြစ်နေကြပုံရတယ်။ အရှိန်ကောင်းကောင်း စီးဆင်းနေတဲ့ ဂျာနယ်ရေစီးကြောင်းမှာ ဒလဟောမျောပါပြီး ဂျာနယ်လစ်ယောင်ယောင် စာရေးဆရာယောင်ယောင် ဖြစ်နေကြတာတွေ့ရတယ်။ သူတို့ကြည့်လိုက်ရင် ဖွင့်ပွဲ၊ မိတ်ဆက်ပွဲတွေမှာ ကံစမ်းမဲနှိုက်နေကြ၊ အမှာစကားပြောနေကြတဲ့ ပုံတွေနဲ့ လက်ဆောင်ပိုက်ပြီး ပြုံးဖြဲဖြဲကြီး လုပ်နေတဲ့ပုံတွေပဲ တွေ့မြင်တွေ့နေရတယ်။ သာသနာ့ဗိမာန်စာတမ်းဖတ်ပွဲကြီးတွေနဲ့ အပတ်စဉ် စနေ စာပေဝိုင်းတွေကိုပဲ မျက်စိထဲမှာ မြင်ယောင်နေမိတယ်။ တစ်ချိန်တုန်းက မန္တလေးမှာ လမင်းတစ်ရာသာခဲ့ဖူးတာကိုလည်း လွမ်းဆွတ်တသမိတယ်။ မန္တလေးသားဆိုတာကတော့ မန္တလေးနဲ့ ဘယ်လောက်ဝေးကွာနေနေ၊ မန္တလေးက ဘယ်လိုပဲဖြစ်နေနေ၊ တူးပို့၊ တူးပို့သံ ကြားရင် မန္တလေးကို စိတ်မရောက်ဘဲ ဘယ်သူမှ မနေနိုင်ကြပါဘူး။ လွမ်းစရာတွေ ရှိတော့လည်း လွမ်းကြရတာပေါ့လေ။

■

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## မစုဘဲ မတုနိုင် မတုဘဲ မပြုနိုင်

လူငယ်လေးတစ်ယောက်က သူ့ဘာသာပြန်သတင်းလေးတွေပါတဲ့ ဂျာနယ်တချို့ယူလာပြီး သုံးသပ်ဝေဖန်ပေးဖို့ ပြောပါတယ်။ သူက အသစ်ထွက်လာတဲ့ ဂျာနယ်တစ်ခုမှာ သတင်းဘာသာပြန်အဖြစ် မကြာမီကမှ ဝင်လုပ်နေတဲ့ ဂျာနယ်လစ် အသစ်စက်စက်ကလေး ဖြစ်ပါတယ်။

လုပ်ငန်းခွင်ဝင်စ လူငယ်လေးများရဲ့ သဘာဝအတိုင်း ဒီလူငယ်လေးဟာ သူ့အလုပ်မှာ အင်မတန် တက်တက်ကြွကြွ ဖြစ်နေပါတယ်။ သူ့အသက်ကလည်း ၂၀ ကျော်စလေးဆိုတော့ ရှေ့လျှောက် တက်လမ်းတွေ ဖြူးနေတယ်လို့ ယူဆရပါတယ်။ ဒီခေတ်လူငယ်တွေကြားမှာ ကိုယ်လုပ်နေတဲ့အလုပ်ကို ကျေကျေနပ်နပ် နှစ်နှစ်သက်သက်ကြီးနဲ့ လုပ်ကိုင်ကြတာ တော်တော်အတွေ့ရနည်းပါတယ်။ အများအားဖြင့်တော့ အရင်ဆုံးရတဲ့ အလုပ်ကိုပဲ ဝတ်ကျေတန်းကျေသဘောမျိုး စိတ်မပါ့တပါ လုပ်နေကြတာမျိုးသာ တွေ့ရလေ့ရှိပါတယ်။

အခု တွေ့ရတဲ့ လူငယ်လေးကတော့ သူ့အလုပ်မှာ သူတော်တော်ပျော်ပိုက်ပုံရပါတယ်။ ဂျာနယ်လစ်တစ်ယောက်ဖြစ်ရတာကိုလည်း ဂုဏ်ယူပုံရပါတယ်။ သူ့ကိုတွေ့ရတော့ ကိုယ်ငယ်စဉ်က ဘဝကို ပြန်ပြီးမှတ်ရမိပါတယ်။ သူ့အရွယ်အသက် ၂၀ ကျော်စလေးမှာပဲ သတင်းစာလောကထဲဝင်ရောက်ခဲ့ပြီး သူ့လိုပဲ သတင်းဘာသာပြန်တွေ စပြီးလုပ်ခဲ့ရတာပါပဲ။

သူဘာသာပြန်ထားတဲ့ သတင်းတွေဖတ်ကြည့်လိုက်တော့လည်း ကိုယ်စပြီး ဘာသာပြန်စဉ်က အတိုင်းပါပဲ။ နိုင်ငံခြားသတင်းဌာနတွေကပေးတဲ့ သတင်းတွေအတိုင်း လုံးစေ့ပတ်စေ့လိုက်ပြီး ဘာသာပြန်ထားတာပါ။ စကားလုံးအသုံးအနှုန်းကအစ သူတို့ရေးတဲ့အတိုင်း မပြောင်းလဲပါဘူး။ သတင်းစာလောကထဲ

mgyoe.com

mgyoe.com SAMPLE BOOK

စတင်ဝင်ရောက်ချိန်က စစ်အေးတိုက်ပွဲနဲ့ ဝါဒရေးရာတိုက်ပွဲတွေ အပြင်းထန်ဆုံး အချိန်တွေ ဖြစ်ပါတယ်။ အဲဒီတော့ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်တဲ့သတင်းတွေ အင်မတန် များပါတယ်။ အဲဒါတွေ ဘာသာပြန်တဲ့အခါမှာ မူရင်းသတင်းဌာနက ပေးတဲ့အတိုင်း အတိအကျလိုက်ပြီး ဘာသာပြန်ပါတယ်။ ဥပမာ သံကန့်လန့်ကာ နောက်ကွယ်က နိုင်ငံများလို၊ တရုတ်နီလို၊ ဗီယက်ကောင်းလို စကားလုံးတွေ ဆိုပါတော့။ အဲဒီလို အသုံးအနှုန်းတွေကို လူကြီးတွေက သံကန့်လန့်ကာနောက် ကွယ်က နိုင်ငံများကို အရှေ့ဥရောပနိုင်ငံများ၊ တရုတ်နီကို တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ဗီယက်ကောင်းကို အမျိုးသားလွတ်မြောက်ရေးတပ်ဦး၊ ပြောက်ကျားများ စသဖြင့် ပြင်ရေးခိုင်းပါတယ်။ ယန်းကီးကိုလည်း အမေရိကန်လို့ပဲ ရေးခိုင်း ပါတယ်။

ဒီလိုစကားအသုံးအနှုန်းတွေဟာ အုပ်စုတစ်ခုက တစ်ဖက်အုပ်စုကို အပုပ် ချတဲ့ သဘောနဲ့ မှည့်ထားတဲ့နာမည်တွေ ဖြစ်တယ်။ ဒါတွေကို ဒီအတိုင်းလိုက်ရေး ရင် သူတို့အတွက် အခမဲ့ဝါဒ ဖြန့်ပေးရာရောက်ဝ-ယ်။ ဒီလို ဝေါဟာရတွေကို ဖယ်ရှားသုတ်သင်ပစ်ပြီး မူလကရှိတဲ့ တရားဝင် နာမည်များကိုသာ သုံးပါလို့ လူကြီးတွေက ဆုံးမလေ့ရှိပါတယ်။ နောက်ပြီးတော့ သတင်းကို ဘာသာပြန်တဲ့ အခါမှာ သတင်းရေးသူရဲ့ အာဘော်တွေ ဝေဖန်သုံးသပ်ချက်တွေကို လုံးဝဖယ်ရှား ဖြတ်ထုတ်ပြီး၊ ဘာဖြစ်တာလဲ၊ ဘယ်မှာလဲ၊ ဘယ်တုန်းကလဲဆိုတဲ့ အချက် အလက်ကိုသာ ယူရမယ်လို့လည်း သွန်သင်ခဲ့ကြပါတယ်။

လူငယ်ဂျာနယ်လစ်လေး ဘာသာပြန်ထားတဲ့ ဂျာနယ်ထဲက သတင်း ဘာသာပြန်တွေဟာ ကိုယ်ပိုင်ငယ်စဉ်က ဘာသာပြန်ထားတာနဲ့ တစ်ပုံစံတည်း ပါပဲ။ ဒါပေမယ့် ကွာခြားတာက ကိုယ်ဘာသာပြန်ခဲ့တာတွေက ဘာသာပြန်ထား တဲ့အတိုင်း သတင်းစာမှာပါလာတာ မဟုတ်ဘဲ၊ လူကြီးတွေ သွန်သင်ဆုံးမ တည်းဖြတ်မှုကြောင့် ဘာဖြစ်တာလဲ၊ ဘယ်မှာလဲဆိုတဲ့ 'ဘခြောက်လုံးကိုက်' သတင်းအချက်အလက်များသာ ပါလာတာဖြစ်ပါတယ်။ အခု လူငယ်လေးရဲ့ သတင်းတွေကျတော့ နိုင်ငံခြားသတင်းဌာနက သတင်းထောက်တွေရေးတဲ့အတိုင်း သူတို့အာဘော်တွေ သူတို့ရဲ့ ထင်မြင်ယူဆချက်တွေ သူတို့ရဲ့ တံဆိပ်တပ်မှုတွေ အတိုင်း မဖြုတ်၊ မဖြတ်မပြုမပြင် ပါလာပါတယ်။ ဒါက ဘာကိုပြသလဲဆိုတော့ ဒီခေတ်လူငယ်လေးတွေမှာ ကိုယ့်ခေတ်တုန်းကလို သွန်သင်ဆုံးမမယ့်၊ သင်ကြား ပြသပေးမယ့် လူကြီးသူမတွေ မရှိကြဘူးဆိုတာကိုပြနေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


လူကြီးတွေရဲ့ အဆုံးအမ အသွန်အသင် မရှိလေတော့ လူငယ်များမှာ ကြိုးစားသလောက် ခရီးမပေါက်သလို ဖြစ်ကြရပါတယ်။ စမ်းတဝါးဝါးနဲ့သာ လုပ်ကိုင်နေကြရပါတော့တယ်။ အဲဒါကြောင့် လူငယ်လေးတွေကို အကြံပေးချင်တာက 'စုတုပြု' ဆိုတဲ့ ရှေးလူကြီးများရဲ့ အဆုံးအမအတိုင်းသာ လုပ်ဆောင်ကြပါဆိုတာပဲ ဖြစ်ပါတယ်။

ပညာရှာသူများရဲ့ အရေးကြီးဆုံးက အခြေခံပညာ ဗဟုသုတတွေ ပြည့်သထက်ပြည့်အောင် စုဆောင်းသိမ်းဖို့ ဖြစ်ပါတယ်။ အခြေခံစုဆောင်းပြီးမှ သူများတကာတွေကို တုပြီး လိုက်လုပ်ရပါတယ်။ မစုဘဲ မတုနိုင်ပါဘူး။ အဲဒီတုတဲ့ အဆင့်ကို တော်တော်လေးကျွမ်းကျင်ပြီဆိုမှ နောက်တစ်ဆင့်တက်ပြီး ကိုယ်ပိုင် စိတ်ကူးဉာဏ်ထုတ်ပြီး ပြုလုပ်ရပါတယ်။ စုတုမလုပ်ဘဲ ပြုချင်စိတ် လောမကြီးသင့်ပါဘူး။ ရှေ့လောတကြီးနဲ့ 'ပြု' တာဟာ "ပန်းတိမ်မတက်ခင်က ရွှေခိုးအရင်သင်" ဆိုတာမျိုး ဖြစ်ပါတယ်။ အဲဒါကြောင့် လူငယ်လေးတွေကို 'စုတုပြု' ဆိုတဲ့ စကားလက်ကိုင်ထားပြီး လုပ်ဆောင်ပါမှ ထူးချွန်အောင်မြင်သူတစ်ယောက် ဖြစ်လာနိုင်ပါတယ်လို့ ပြောပြချင်ပါတယ်။

စုတယ်ဆိုရာမှာ ဘာတွေကိုစုရမှာလဲ။ ဘယ်နေရာက စုရမှာလဲလို့ တွေးစရာရှိပါတယ်။ ဘယ်နေရာက ဘာကိုပဲရရ စုပါ။ ဆေးကြော်ငြာထဲက ဒြပ်စင်၊ ဒြပ်ပေါင်း အမည်တွေ ရနိုင်ပါတယ်။ ရောဂါအမည်တွေလည်း ရနိုင်ပါတယ်။ ရုပ်ရှင်ကြော်ငြာထဲကလည်း ယုတ်စွအဆုံး ဒီနာမည်မျိုးက ယောကျ်ားနာမည်၊ ဒီနာမည်မျိုးက မိန်းမနာမည်ဆိုတာ သိနိုင်တာပေါ့။ အော်လစ်ဗာဆိုတာက ယောကျ်ားနာမည်၊ အော်လစ်ဗီယာဆိုတာက မိန်းမနာမည်ဆိုတဲ့ ဗဟုသုတရနိုင်တယ်လေ။ ဘိုနာမည် တစ်ခုခုမှည့်မှ အဆိုတော်ဖြစ်တယ် ထင်နေရှာတဲ့ လူငယ်လေးတစ်ယောက်က မိန်းကလေးနာမည်တစ်ခုယူပြီး မှည့်ထားတာ တတ်သိနားလည်သူများတွေ့တော့ ရယ်စရာဖြစ်နေတော့တာပါ။ ကြော်ငြာထဲကလည်း ရှာတတ်ရင် ပညာရနိုင်တယ်ဆိုတာ ပြောချင်တာပါ။

ပညာဆိုတာ ကျောင်းတက်မှ၊ ကျူရှင်တက်မှလို့ချည်း ယူဆမထားပါနဲ့။ မရှာတတ်၊ မယူတတ်သူအဖို့တော့ ကျောင်းတွေ ဘယ်လောက်တက်တက်၊ ကျူရှင်တွေ ဘယ်လောက်သွားသွား ဘာပညာမှရနိုင်မယ် မဟုတ်ပါဘူး။ "ဓာတ်သမားလာရင် မှတ်သားစရာပါရတယ်။ ဓာတ်သမားပြန်ရင် မှတ်သားစရာကျန်ရတယ်" ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ ယူတတ်ရှာတတ်သူအဖို့ ပွဲကြည့်ရင်း၊

mgyoe.com